မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၂၄)

မာတာပိတု ဥပဋ္ဌာန် တော် မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၃၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ရေနှင့် သန့်ရှင်းမှုဌာန)၏ ရေပေးဝေရေးစခန်း အမှတ်(၂)ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရေပေးဝေရေးစခန်း အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်များ ထုတ်လုပ်နိုင်သည့် သရက်ချောင်းမြို့နယ် မြို့ရွာများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာရေး ဦးတည်နေ

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၃၁

ထားဝယ်ခရိုင်သည် တနင်္သာရီတိုင်းအတွင်း ခရိုင်သုံးခရိုင်ရှိသည့်အနက် တိုင်း၏ မြောက်ဘက်အကျဆုံး ခရိုင်ဖြစ်သည်။ ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းများတွင် ရော်ဘာ၊သတ္တုတွင်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလည်း အပါအဝင်ဖြစ်သည်။

ဖွဲ့စည်းတည်ရှိ

ထားဝယ်ခရိုင်ကို ထားဝယ်၊ သရက်ချောင်း၊ လောင်းလုံးနှင့် ရေဖြူမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသည်။ မေတ္တာနှင့် ကလိန်အောင်တို့မှာလည်း ထားဝယ်ခရိုင်အတွင်း ပါဝင်လာသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

သရက်ချောင်းမြို့နယ်ရှိ လျှပ်စစ်ကီလိုဝပ် ၅၀ ထုတ်ပေးနိုင်သော တာဘိုင်စက်သည် ကီလိုဝပ် ၃၀ ကို နိုင်နိုင်နင်းနင်း ထုတ်လွှတ်ပေးနိုင်သည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက် တည်ငြိမ်အေးချမ်းမှုအရှိန်အဟုန် မီဒီယာနည်းလမ်းဖြင့် ထက်မြက်သွက်လက်စွာ ဖော်ဆောင်

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး ခန်းမဆောင်၌ ဇန်နဝါရီလ ၂၉ရက်နေ့က ကျင်းပခဲ့ပေသည်။

ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများ၏ နှစ်ပတ်လည် အခမ်းအနားများကို နှစ်စဉ်ကျင်းပရခြင်းသည် မိမိတို့ဌာနအတွက် သတ်မှတ်ပေးထားသည့် ရည်မှန်းချက် တာဝန်များအား အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များအပေါ် ပြန်လည်သုံးသပ်ပြီး ပိုမိုတိုးတက်သည်ထက်တိုးတက်ရန်၊ စီမံဆောင်ရွက်သွားနိုင်ရန်နှင့် ချီးမြှင့်ထိုက်သူအား ချီးမြှင့်ခြင်းဖြင့် ဌာနလုပ်ငန်းပိုမိုတိုးတက် ထက်မြက်လာစေရန် ရည်ရွယ်၍ ကျင်းပနေခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်ကိုယ်စား နိုင်ငံတော်၏ မူဝါဒများကို ကိုင်တွယ်ချပြ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို တည်ဆောက်ပြင်ဆင်ပေးသော ဌာနကြီးတစ်ခုလည်း ဖြစ်ပေသည်။

ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၏ အဓိကတာဝန်သည် ပြည်သူများအားလုံးက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက် တည်ငြိမ်အေးချမ်းမှု ပကတိအခြေအနေမှန်များကို သိရှိနားလည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးနည်းလမ်းများဖြင့် ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။

ယနေ့အချိန်အခါတွင် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ အလျင်အမြန်တိုးတက်လျက်ရှိရာမှာ မိမိတို့၏မီဒီယာများကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ပြီး ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ မီဒီယာဖြင့် ထိုးနှက်ချက်များကိုလည်း ဟန့်တား တားဆီး၍ မီဒီယာထိုးစစ်ဖြင့် တန်ပြန်သွားကြရမည် ဖြစ်သည်။

မိမိတို့၏မီဒီယာများသည် ပြည်တွင်း၌သာမက ပြည်ပသို့ပါ ထိုးဖောက်နိုင်စွမ်းရှိရန် စွမ်းဆောင်ကြရမည်ဖြစ်ပြီး မီဒီယာများသည် သွက်လက်ထက်မြက်၍ အရည်အသွေးပြည့်ဝရန် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများသည် လုပ်ငန်းဌာနများကို အကောင်အထည်ဖော်ကြရာ၌ အသိစိတ်ဓာတ်ရှိရှိ၊ စိတ်ကောင်းစေတနာကောင်းရှိရှိဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် မီဒီယာနည်းဖြင့် ထက်မြက်သွက်လက်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ဝိပဿနာ** တရားတော် (ကံ့ကော်တစ်ထောင် ဆရာတော်ဘဒ္ဒန္တ ကေလာသ)
၈း၀၀-၂း၀၀	Sunday Talk [မောင်မောင်လတ်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး)၊ မျိုးမြတ်သူ]
၈း၁၀-၂း၁၀	Soccer Update
၈း၂၅-၂း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀-၂း၄၀	Activities in the City (စင်ကာပူနိုင်ငံရှိ ကင်ဆာဆေးရုံ မိတ်ဆက်ခြင်းနှင့် ဆေးပညာ ဟောပြောပွဲအခမ်းအနား)
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	ကမ္ဘာ့အားကစားဇာတ်ခုံ [အောင်အောင်ဦး(ဂိုး)၊ နေအောင်သန့်]
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	ရှင်မြူးသီကြွေးကဗျာတေး
၁၀း၃၀-၄း၃၀	စွမ်းအင်နှင့်သူတို့
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၁း၁၀-၅း၁၀	ထူးထူးခြားခြားရာသီဥတု ဖြစ်စဉ်များ
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀	နွေးထွေးကူညီမှုများစွာဖြင့် ရောင်နီအလင်းကိုကြိုခဲ့ပြီ
၁၁း၅၅-၅း၅၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမြသိန်း)
၁၂း၂၀-၆း၂၀	Fashion Guide (၂၀၀၇ခုနှစ် အကယ်ဒမီ အကြိုဖက်ရှင်)
၁၂း၄၀-၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅-၆း၄၅	အလေအလွင့်မရှိအချိန်ကုန် သက်သာ ဦးကြီးများရဲ့ အားထားရာ (စပါးခြွေလှေ့စက်)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Newcastle-Sunderland	ESPN (Live)
၁၀း၂၅	Liverpool - Chelsea	ESPN (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Inter Milan-Torino	5-Cartoon (Live)
၂း၀၀	Lazio-AC Milan	5-Cartoon (Live)

မြဝတီရုပ်မြင်သံကြား

၁-၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး**(အပိုင်း-၂၀)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
- ၁၃း၃၀ ၆။ ကျန်းမာသုတ
- ၁၃း၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၁၈)

ညနေပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
- ၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ် မျက်လှည့်ပညာရှင်များ
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၁၈)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁၅)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဝက်လက်မြို့နယ် အောင်ချမ်းသာကျေးရွာ၌ အလှူရှင် ဦးကျင်တီ-ဒေါ်မြင့်မြင့်ကြည်တို့ လှူဒါန်းသည့် နှစ်လက်မစက်ရေတွင်းမှ ဒေသခံပြည်သူများအား သောက်သုံးရေ ဖြန့်ဝေမှုအခြေအနေကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရွှေဘိုမြို့နယ် လူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ ဆန်အိတ်များပေးအပ်ပွဲ

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် လူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ ဆန်အိတ်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ ဆန် ၁၀ အိတ်၊ ဗလာစာအုပ်များနှင့်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် ဝက်လက်မြို့နယ် အောင်ချမ်းသာကျေးရွာ၌ ကျင်းပသော အလှူရှင် ဦးကျင်တီ-ဒေါ်မြင့်မြင့်ကြည်(ချမ်းသာဆောက်လုပ်ရေး)က ငွေကျပ် ၁၈သိန်းဖြင့် တူးဖော် လှူဒါန်းသည့် နှစ်လက်မ PVC စက်ရေတွင်း ဖွင့်ပွဲသို့ တက်ရောက်၍ စက်ရေတွင်းရေရရှိမှုနှင့် ဒေသခံပြည်သူများအား သောက်သုံးရေ ဖြန့်ဝေမှုအခြေအနေတို့ကို ကြည့်ရှုအားပေးပြီး အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် စက်ရေတွင်းတူးဖော်ရာ၌ ကုန်ကျသည့် ငွေကျပ် ၁၈သိန်းကို အလှူရှင်ကိုယ်စား အောင်ချမ်းသာကျေးရွာဥက္ကဋ္ဌထံ လည်းကောင်း၊ ဗလာစာအုပ်နှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများထံလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆုငွေချီးမြှင့်

ယင်းနောက် ဝန်ကြီးသည် ဝက်လက်မြို့နယ် သာလိုင်းကျေးရွာ မူလတန်းကျောင်း၌ ရုပ်ကြယ်စာသင်ဆောင်သစ်ဖွင့်ပွဲ၊ ရွာသစ်ကျေးရွာမုခ်ဦး၊ အုတ်တံတိုင်းနှင့် မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ဖိုးဝင်းတပ်ကျေးရွာ ရုပ်ကြယ်အားကစားကွင်း၌ ကျင်းပသော အင်းဘဲတောကျေးရွာနှင့် ဆင်နင်းကျေးရွာအုပ်စု ကျေးလက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအခမ်းအနားတို့သို့ တက်ရောက်အားပေးပြီး ဆုဖလားနှင့်ဆုငွေ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

ပခုက္ကူ ဇန်နဝါရီ ၃၁

ပခုက္ကူကျွန်းကျေးရွာနှင့် ပခုက္ကူမြို့သို့ ဆက်သွယ်သော မြို့ဆက်သဲသောင်ပြင် မြေသားလမ်း အရှည်တစ်မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၈ရက်က ကျေးရွာဥက္ကဋ္ဌ ဦးမျိုးသိန်းထွန်းနှင့်အဖွဲ့ဝင်များ၊ အမှတ်(၉)ရပ်ကွက် ရပ်မိရပ်ဖ ဦးတင်စိုးနှင့် မိသားစုများ၊ ကျေးရွာသူ ကျေးရွာသားများ အင်အား ၃၀၀ကျော်ခန့်တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ကြသည်။

(ဝ၇ဝ)

ဇန်နဝါရီ ၂၃ရက်က သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၃၁)အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ခု ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်းက ဒုတိယတန်းမှ ပထမဆုရ မောင်သက်နောင်စိုးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဓာတ်ငွေ့ပိုက်လိုင်းများ ကြံ့ခိုင်မှုထိန်းသိမ်းပြင်ဆင်နေသည့်အတွက် ဓာတ်အားလျော့နည်းသွားသဖြင့် ရေအားလျှပ်စစ်ဓာတ်အားများ တိုးမြှင့်ဖြည့်ဆည်းပေးထား

ပုံမှန်လျှပ်စစ်ဓာတ်အားများ အမြန်ရရှိရေးအတွက် သက်ဆိုင်ရာက ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

မုတ္တမကမ်းလွန်ဒေသ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့လိုအပ်ချက်များအား ဖြန့်ဖြူးပို့လွှတ်နေသည့် ဓာတ်ငွေ့ပိုက်လိုင်းများကို ဇန်နဝါရီ ၂၄ရက်မှ စတင်၍ ကြံ့ခိုင်မှုထိန်းသိမ်းပြင်ဆင်လျက်ရှိရာ ဓာတ်ငွေ့လျော့နည်းသွားသည့်အတွက် ဓာတ်ငွေ့တာဘိုင်များကြောင့် လျော့နည်းသွားသော လျှပ်စစ်ဓာတ်အားများနေရာတွင် ရေအားလျှပ်စစ်ဓာတ်အားများကို တိုးမြှင့် ဖြည့်ဆည်းပေးထားရကြောင်း သိရသည်။

ပုံမှန်လျှပ်စစ်ဓာတ်အား

ထိုကာလအတွင်း ဇန်နဝါရီ ၂၆ရက်တွင် လောပိတ-တောင်ငူမဟာဓာတ်အားလိုင်းမှ သောက်ရေခပ်ချောင်းအနီးရှိ တာဝါတိုင် အမှတ် ၂၂၀နှင့် ၂၂၂တို့အား KNU နှင့် KNPP အကြမ်းဖက် သောင်းကျန်းသူများက မိုင်းခွဲဖျက်ဆီးမှုကြောင့် လျှပ်စစ်ဓာတ်အားများ ထပ်မံလျော့နည်းခဲ့သဖြင့် ရရှိသော ဓာတ်အားများကို မျှတစွာ ခွဲဝေအသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိကြောင်းနှင့် ပုံမှန်လျှပ်စစ်ဓာတ်အားများ အမြန်ရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

* ရွှေ့ဖွင့်မှု

ရှေးဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၄)ရပ်ကွက် ပုဂံလမ်းရှိ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို နံနက်စနာရီခွဲတွင် အဆိုပါကျောင်းဆောင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ယင်းနောက် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ကျင်းပရာ အလှူရှင်က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဓေယျာမြိုင်လမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ရေနှင့်သန့်ရှင်းမှုဌာန)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရေပေးဝေရေးစခန်း အမှတ်(၂)သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရှစ်လက်မ အဝီစိတွင်းများ တူးဖော်နေမှု၊ ရေစစ်ကန်၊ ရေငြိမ်ကန်နှင့် ရေလှောင်ကန်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးက လိုက်လံရှင်းလင်းပြသ၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်ခန်းမ(ဘီ)၌ ဇန်နဝါရီ ၃၁ရက် နံနက်က ကျင်းပရာ သဘာပတိ ဥက္ကဋ္ဌ ဒေါ်ခင်မာအေးက ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဖတ်ကြားတင်ပြ

အစည်းအဝေးသို့ နာယကများဖြစ်ကြသော ပါမောက္ခဒေါက်တာဒေါ်ချိုလေးမာ၊ ပါမောက္ခဒေါက်တာဒေါ်သိန်းသိန်းမြင့်နှင့် အသင်းသူများ စုံညီစွာတက်ရောက်ကြသည်။ ၂၀၀၈ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာမြတ်လေးကျင်က ဖတ်ကြားတင်ပြပြီး ဘဏ္ဍာရေးမှူး အစီရင်ခံစာကို ဘဏ္ဍာရေးမှူး ဒေါက်တာဒေါ်ယုယုလွင်က ဖတ်ကြားတင်ပြရာ အများသဘောတူ အတည်ပြုသည်။ အထွေထွေဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (၁၂၃)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၅) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၁

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၅)၊အမှတ်(၅)၌ နေရောင်ခြည်မုန်တိုင်းဖြစ်ပေါ်ခြင်းနှင့် ဂြိုဟ်ဝင်တိုက်မှုကြောင့် ကမ္ဘာပျက်မည်ဆိုသည်မှာ ကောလာဟလသာဖြစ်၊ ဒုတိယကမ္ဘာစစ်လက်ကျန် မပေါက်ကွဲသေးသောဗုံးကြီးတစ်လုံး ရတနာပုံဈေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်းတွေ့ရှိ၊ ဆိုးဆေးအစားအစာရောင်းချမှုကင်းစင်ရေး ဈေးကြီး၁၀ဈေးတွင် စံပြအဖြစ်ဆောင်ရွက်၊ ရန်ကုန်-ကွာလာလမ်ပူ လေကြောင်းလမ်းသစ် တိုက်ရိုက်ပြေးဆွဲမည်၊ သြဂဲနစ်ဆန်များ ပြည်ပဈေးကွက်ပို့ပြီ၊ ကိုရီးယားသွား အလုပ်လုပ်မည့်သူများ အယုံကြည်မလွယ်သင့်၊ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာရန် ညှိနှိုင်းမှုများပြုလုပ်၊ အိတ်ချ်အိုင်ဗွီ ပိုးပွားနှုန်း တားဆီးဆေးဝါး ဆရာဝန်ညွှန်ကြားချက်ဖြင့်သာသောက်သုံးသင့်၊ ရန်ကုန်မြစ်အတွင်း မြူနှင်းများထူထပ်စွာကျဆင်းသဖြင့် ကူးတို့ခရီးစဉ်အချို့ ဖျက်သိမ်းခဲ့ရ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော ‘အဖေ့ဆီကအိပ်မက်များ(၁၀)’၊ ‘သမ္မတတွေအားလုံးဟာ အကြောင်းမသိသေးတဲ့ သူစိမ်း တစ်ရံဆန်တွေသာဖြစ်တယ်’ စာရေးဆရာ ဂျိုနသန်အော်လ်တာနှင့် စပီဂဲလ် မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အစ္စရေး တပ်တွေ ဂါဇာမှခွာခဲ့ပြီ ဘာလာဦးမည်နည်း၊ အင်ဒိုနီးရှားလူမျိုးက အိုဘားမားနှင့် တစ်ထေရာတည်းတူ၊ သမ္မတစီးရာတွင် အသုံးပြုသော Air Force One လေယာဉ် အသစ်ဝယ်ယူရန်စီမံ၊ အိုဘားမားက ပဋိပက္ခဖြစ်ပွားနေသော ဒေသများအတွက် ငြိမ်းချမ်းရေးသံတမန်နှစ်ဦးခန့်အပ်၊ အယ်လ်ဘေးနီးယားမှ လူသတ်သမားတို့အား ဗြိတိန်နိုင်ငံမှ ခိုလှုံခွင့်ပေးစသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ် တပို့တွဲလဆန်း၇ရက်
(အဖိတ်နေ့)
၁-၂-၂၀၀၉ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅ ၆။ အဆိုပြိုင်ပွဲ
၈း၃၀ ၇။ International News
၈း၄၅ ၈။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၁၉)
၁၂း၁၅ ၅။ Golf Magazine(TV)
၁၂း၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **သံယောဇဉ်လွန်းတင်သည့်ကြိုး** မင်းသစ္စာ၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ-စန္ဒာအောင်သိန်း)
၁၄း၂၅ ၇။ တေးဂီတအစီအစဉ်
၁၄း၃၅ ၈။ အတီးပြိုင်ပွဲ
၁၄း၅၀ ၉။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ လက်ဆင့်ကမ်းပေးဂီတတေး
၄း၃၀ ၄။ မူဟန်သွယ်သွယ်ဆိုကြမယ်
၄း၄၀ ၅။ အကပြိုင်ပွဲ
၄း၅၀ ၆။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ရူပဗေဒဘာသာရပ်)(အပိုင်း-က)
၅း၂၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
၆း၅၅ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **မေ့တတ်သူ** မြို့တော်ချစ်ဖွယ်၊ မန်းဝင်း၊ ကြည်သာ(ပွဲကြိုက်ခင်) [ဒါရိုက်တာ- ကြည်သာ(ပွဲကြိုက်ခင်)]
၇း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၁၆)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ကြမ္မာမုန်တိုင်း”** (အပိုင်း-၈)
၁၈။ အစီအစဉ်ပြီး၏။

အလုပ်သမားဆေးရုံကြီး(ရန်ကုန်) အထူးကုအဖွဲ့ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃၁

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်) မှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသမှုအဖွဲ့သည် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ General Food Technology Industry Co.,Ltd. အအေးခန်းစက်ရုံသို့ ဇန်နဝါရီ၂၉ရက် နံနက်ပိုင်းက သွားရောက်ခဲ့သည်။

ဆောင်ရွက်

ကွင်းဆင်းဆေးကုသမှုတွင် စက်ရုံရှိ ဝန်ထမ်းများမှ သမားဘက်ဆိုင်ရာ လူနာ ၆၃ဦး၊ ခွဲစိတ်ဘက်ဆိုင်ရာ လူနာခြောက်ဦး၊ သားဖွားနှင့် မီးယပ်ဘက်ဆိုင်ရာ လူနာ ၃၁ဦး၊ အရိုးနှင့် အကြောဘက်ဆိုင်ရာ လူနာ၂၆ဦး၊ မျက်စိဘက်ဆိုင်ရာ လူနာ ၂၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းဘက်ဆိုင်ရာ လူနာကိုးဦး သွားနှင့်ခံတွင်းဘက်ဆိုင်ရာ လူနာ၁၁ဦး စုစုပေါင်းလူနာ ၁၆၈ဦးတို့အား စမ်းသပ်စစ်ဆေး ကုသခြင်း၊ ဆေးဝါးများအခမဲ့ပေးခြင်း၊ စက်ရုံဝန်ထမ်း ၁၅၀တို့အား မေးခိုင်ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်သည်။

(လူမှုဖူလုံရေး)

အင်အားအသင့်အတင့် မြေငလျင်လှုပ်

ရန်ကုန် ဇန်နဝါရီ ၃၁

ဇန်နဝါရီ၃၁ရက် မြန်မာစံတော်ချိန် ၁၀နာရီ ၅၇မိနစ် ၃၃စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက်ယွန်းယွန်း ၃၅၈ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၁အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာ ရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးနှင့်ပင်လောင်းတွင်အအေးပေါ့၊ လွိုင်လင်၊ နမ့်စန်၌ အေးမြဲအေးဆဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ဖေဖော်ဝါရီ ၁ရက်(ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတု ခန့်မှန်းရလျှင် ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့်သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တိမ်အနည်းငယ် ဖြစ်ထွန်းမည်ဖြစ်သည်။

သာယာ

ဇန်နဝါရီ ၃၁ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ညအပူချိန်

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟားခါးတို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

လမ်းတံတားတည်ဆောက်

ဒီဇင်ဘာ၁၆ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကန်ပေါင်လမ်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ပြည်နယ်/စည်ပင်)



တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ယန်ကျန်းမြို့ ဒွန်ပင်းဒေသရှိ နျူကလီးယား ဓာတ်အားပေးစက်ရုံကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဂွမ်တာနာမိုဒေသကို ကျူးဘားသို့ပြန်ပေးရန် အိုဘားမားအား ဟူဂိုချာဗက်ဇ်တောင်းဆို

ဘီလင် ဇန်နဝါရီ ၃၁

ဂွမ်တာနာမို အကျဉ်းစခန်းကိုပိတ်ပစ်ရန် သမ္မတအိုဘားမား၏ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဇန်နဝါရီ ၂၉ရက်က ချီးကျူးပြောကြားပြီးနောက် ယင်း ဂွမ်တာနာမိုပင်လယ်အော်ဒေသကို ကျူးဘားနိုင်ငံအား ပြန်ပေးရန် တောင်းဆိုလိုက်သည်။

တင်းမာ

သမ္မတအိုဘားမားနှင့် ဆက်ဆံရေးတိုးမြှင့်မည့် အလားအလာကို သမ္မတဟူဂိုချာဗက်ဇ်က တံခါးဖွင့်လက်ခံသော်လည်း သူ၏အမေရိကန်ဆန့်ကျင်ရေးနှင့် ကျူးဘားနှင့်မဟာမိတ်ဖွဲ့စည်းမှုတို့ကြောင့် အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာကာ သမ္မတဟောင်းဂျော့ချ်ဒဗလျူဘုရှ်ကို ပွင့်ပွင့်လင်းလင်း အဝေဖန်ဆုံး ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။

ပြောကြား

အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ရန် သူလိုလားကြောင်း၊ သို့သော် သမ္မတအိုဘားမားအနေဖြင့် အမေရိကန် အရင်းရှင်စနစ်မှ ဖယ်ခွာမည့် နောက်ထပ်လက္ခဏာများကို စောင့်ကြည့်လျက်ရှိကြောင်း ဗင်နီဇွဲလား သမ္မတဟူဂိုချာဗက်ဇ်က ပြောကြားလိုက်သည်။

အမ်အင်န်အေရိုက်တာ

အမေရိကန်နှင့်အိန္ဒိယ သဘာဝ မဟာမိတ်ဖြစ် အိုဘားမားပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၃၁

အမေရိကန်နှင့် အိန္ဒိယတို့သည် သဘာဝမဟာမိတ်များ ဖြစ်သည်ဟုဆိုကာ အမေရိကန်သမ္မတ အိုဘားမားက အိန္ဒိယအစိုးရနှင့် ဆက်ဆံမှုပိုမိုနက်ရှိုင်းစွာ ပြုလုပ်ရေး မျှော်မှန်းလျက်ရှိကြောင်း အမေရိကန်သမ္မတအိမ်ဖြူမှ ပြောရေးဆိုခွင့်ရှိသူ ရောဘတ်ဂစ်က ဇန်နဝါရီ ၂၈ရက်တွင် သတင်းထောက်များအား ပြောကြားလိုက်သည်။

မျှော်လင့်

လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက တည်ဆောက်ခဲ့သည့် နှစ်နိုင်ငံ စီးပွားဖက်များအဖြစ် ရောက်ရှိလာမှုကို ပိုမိုခိုင်မာအောင်ဆောင်ရွက်ရေးကို သမ္မတအိုဘားမားက မျှော်လင့်ကြောင်း ရောဘတ်ဂစ်က ပြောဆိုသည်။

အမ်အင်န်အေပီတီအိုင်

အီလီနွိုက်ပြည်နယ် အုပ်ချုပ်ရေးမှူး အဂတိလိုက်စားမှုဖြင့် ရာထူးမှဖယ်ရှားခံရ

ချီကာဂို ဇန်နဝါရီ ၃၁

အဂတိလိုက်စားမှုဖြင့် စွဲချက်တင်ခံနေရသည့် အီလီနွိုက်ပြည်နယ်အုပ်ချုပ်ရေးမှူး ရော့ဒ်ဘလက်ဂိုဂျီဗစ်ချ်အား ပြစ်ဒဏ်ချမှတ်လိုက်ပြီး ပြည်နယ်အထက်လွှတ်တော်က ၎င်းအား ရာထူးမှ ဇန်နဝါရီ ၂၉ရက်က ဖယ်ရှားလိုက်သည်။

ဆုံးဖြတ်

ပြည်နယ်အုပ်ချုပ်ရေးမှူးအား ရာထူးမှဖယ်ရှားရန် ပြည်နယ်အထက်လွှတ်တော်က ထောက်ခံမဲ ၅၉မဲ၊ ကန့်ကွက်မဲမရှိဘဲ မဲခွဲဆုံးဖြတ်လိုက်သည်။ ထို့အပြင် ပြည်နယ်အုပ်ချုပ်ရေးမှူး ရော့ဒ်ဘလက်ဂိုဂျီဗစ်ချ်အား ပြည်နယ်အတွင်း မည်သည့်အခါမျှ ပြည်သူ့အကျိုးပြုရာထူးတွင် တာဝန်မထမ်းဆောင်နိုင်စေရန်လည်း တားမြစ်ပိတ်ပင်ရန် ပြည်နယ်အထက်လွှတ်တော်က ဆုံးဖြတ်လိုက်သည်။

အစားထိုး

ပြည်နယ်အုပ်ချုပ်ရေးမှူး ရော့ဒ်ဘလက်ဂိုဂျီဗစ်ချ်အား ရာထူးမှဖယ်ရှားလိုက်သောအခါ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ပက်ထရစ်ကွင်းအား ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် အလိုအလျောက် အစားထိုးပြီးဖြစ်သွားသည်။ **အမ်အင်န်အေဆင်ဟွာ**

နီပေါအမျိုးသမီးများ နေအိမ်၌ မွေးဖွားနှုန်းများပြား

ခတ္တမန္ဒူ ဇန်နဝါရီ ၃၁

နီပေါအမျိုးသမီး ၈၀ရာခိုင်နှုန်းကျော်မှာ ကျန်းမာရေးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများ၏ အကူအညီမပါဘဲ နေအိမ်များ၌ပင် မွေးဖွားခဲ့ကြကြောင်း နီပေါနိုင်ငံပိုင်သည် ရိုင်းဆင်း သတင်းစာ၌ ဇန်နဝါရီ ၃၀ရက်က ဖော်ပြသည်။

ဖော်ပြ

နီပေါအမျိုးသမီး ၁၉ရာခိုင်နှုန်းသာ ဆရာဝန်၊ သူနာပြုများကဲ့သို့သော ကျန်းမာရေးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများဖြင့် မွေးဖွားခဲ့ကြသည်။ မွေးစအရွယ် ကလေးသေပျောက်နှုန်းမှာ ၂၀၀၁ခုနှစ်က ကလေး ၁၀၀၀မွေးဖွားရာတွင် ၃၉ဦး သေဆုံးခဲ့ရာမှ ၂၀၀၆ခုနှစ် အရောက်တွင် ၃၃ဦးသာသေဆုံးခဲ့ကြောင်း၊ ထို့ပြင် ကလေးမွေးဖွားချိန်၌ သေဆုံးသည့် မိခင်၁၀၀၀၀၀တွင် ၂၈၁ဦးမှာ သေဆုံးခဲ့ကြောင်း ၂၀၀၆ခုနှစ်အတွင်း ကျန်းမာရေး စစ်တမ်းကောက်ယူမှုများက ဖော်ပြသည်။ ယင်းဦးရေမှာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် များပြားလှသော်လည်း အာဖရိကနိုင်ငံများနှင့်နှိုင်းယှဉ်လျှင်မူ နည်းပါးကြောင်း သတင်း၌ ပါရှိသည်။ **(အင်တာနက်)**

ဗြိတိန်နိုင်ငံ ဆွင်ဒန်မြို့ ဟွန်ဒါကားစက်ရုံ၌ ကားသယ်ယူပို့ဆောင်ရေးယာဉ်တစ်စီးပေါ်တွင် ဆိပ်ကမ်းသို့တင်ပို့ရန် ဟွန်ဒါကားများပေါ်၌ တင်ဆောင်ထားသည်ကို ဇန်နဝါရီ ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ရဲတပ်ဖွဲ့ဝင်များ ထိုးစစ်ဆင် စစ်သွေးကြွလေးဦးသေဆုံး၊ သံသယရှိသူ ၃၁ဦးအား ဖမ်းဆီး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၃၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဆဝက်တောင်ကြားဒေသတွင် ဇန်နဝါရီ ၃၀ရက်က ရှာဖွေစစ်ဆင်ရေးများ ပြုလုပ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့များနှင့် စစ်သွေးကြွများအကြား တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်မှုကြောင့် လေးဦးသေဆုံးပြီး သံသယရှိသူ ၃၁ဦးအား ဖမ်းဆီးခဲ့ကြောင်း ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့များက ထုတ်ဖော်ပြောကြားခဲ့သည်။

ထုတ်ဖော်ပြောကြား

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေး ကြွများအကြား အပြန်အလှန်ပစ်ခတ်မှုတွင် ကာဘယ်လ်ဒေသ၌ လူငယ်တစ်ဦး သေဆုံးခဲ့ပြီး အခြားနှစ်ဦးမှာ မက်တာဒေသ၌ သေဆုံးခဲ့ကြောင်း ရဲအရာရှိများက ပရက်စ်တီဗွီ သတင်းထောက်တစ်ဦးသို့ ပြောကြားခဲ့သည်။

ထို့အပြင် မင်ဂိုရာမြို့ မန်ဂေါအရပ်ရှိ အိမ်တစ်အိမ်သို့ ဒုံးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။ စစ်သွေးကြွများသည် ဆိုင်ဒူရှာ ရစ်ဒေသရှိ ထိပ်တန်းရဲအကြီးအကဲ တစ်ဦး၏ အိမ်ကိုလည်း ပစ်ခတ်တိုက်ခတ်ခဲ့ကြောင်း၊ သို့သော်လည်း သေပျောက်ခြင်း၊ ထိခိုက်ဒဏ်ရာရခဲ့ခြင်း မရှိခဲ့ကြောင်း သတင်းထောက် များက ထုတ်ဖော်ပြောကြားသည်။

ပြန်ပေးဆွဲ

သောလ်မြို့အနီး တော်ဂါဒေသတွင် ဖြစ်ပွားသော အခြားဖြစ်ရပ်တစ်ခု၌ လူမျိုးစုခေါင်းဆောင်တစ်ဦး၊ ၎င်း၏ သက်တော်စောင့်နှင့်ယာဉ်မောင်းတို့ ခရီးထွက်လာစဉ် စစ်သွေးကြွများက ပစ်ခတ်တိုက်ခိုက်သဖြင့် သက်တော်စောင့်သေဆုံးကာ ၎င်းခေါင်းဆောင်နှင့်ယာဉ်မောင်းတို့ ပြန်ပေးဆွဲခံခဲ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

အကြမ်းဖက်မှုများ ဘဂ္ဂဒက်တွင်ဖြစ်ပွား ငါးဦးသေဆုံး၊ ကိုးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၃၁

အီရတ်နိုင်ငံတွင် လွန်ခဲ့သော ၂၄နာရီအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် ငါးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီ ၃၀ရက်တွင် လုံခြုံရေးသတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဖြစ်ပွား

အီရတ်နိုင်ငံ မိုဆူးလ်မြို့ အလယ်ပိုင်း ဟာလက်ဘ်လမ်းရှိ အမျိုးသမီးဝတ်စုံချုပ်သူတစ်ဦး၏ စတိုးဆိုင်အတွင်း ဇန်နဝါရီ ၂၈ရက်က ရေရာဖြင့်ဖြစ်သလို စီမံဖန်တီးပြုလုပ်ထားသော ဖောက်ခွဲရေးပစ္စည်း (အိုင်အီးဒီ) ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ အရပ်သား သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲသတင်းရပ်ကွက်တစ်ခုက ထုတ်ဖော်ပြောကြားခဲ့သည်။

ပစ်မှတ်

ထို့အပြင် ယင်းနေ့ မွန်းလွဲပိုင်းက မိုဆူးလ်မြို့အနောက်ပိုင်း အယ်လ်ဂျာဒီဒါဒေသရှိ ရဲကင်းလှည့်ကားတစ်စီးကို အိုင်အီးဒီဖြင့် ပစ်မှတ်ထားတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ရဲသတင်းရပ်ကွက်တစ်ခုက ထုတ်ဖော်ပြောကြားခဲ့သည်။

တိုက်ခိုက်

အလားတူ ဒီယာလာပြည်နယ်တွင် ယင်းနေ့က ဟမ်ရီးန်ရေအိုင်ကြီးနှင့် ဘာကူဘာမြို့ အနောက်ဘက် ၁၅၅မိုင်အကွာရှိ အယ်လ်ဆာဒီယာခရိုင်တို့ကို ဆက်သွယ်ထားသော အဓိကလမ်းမကြီးပေါ်၌ အိုင်အီးဒီဖြင့် ဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီးခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ယင်းပြည်နယ်လုံခြုံရေး သတင်းရပ်ကွက်က ပြောကြားသည်။

အလားတူ ယင်းနေ့က ကယ်ကွတ်မြို့တောင်ပိုင်း တို့ဇ်ခိုမာတိုအရပ်တွင် အမည်မသိ သေနတ်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရာရှိတစ်ဦးအပါအဝင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသော စတန့်ပြပွဲတစ်ခု၌ သတ္တုချောင်းတစ်ခု၏ ထိပ်ပေါ်၌ ဦးခေါင်းဖြင့် ကိုယ်အလေးချိန် ဟန်ချက်ကိုထိန်းညှိကာ အုန်းပင်စိုက်အသွင် ပြသနေသူတစ်ဦးကို ဇန်နဝါရီ ၃၀ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ်တွင် ဇန်နဝါရီ ၂၇နှင့် ၂၈ရက်က နှင်းမုန်တိုင်းကျရောက်ခဲ့မှုကြောင့် ပျက်စီးသွားသောဓာတ်အားလိုင်းများကို လူးဝစ်ဗီလီမြို့၌ ပြန်လည်ပြင်ဆင်နေသည်ကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာ့အပူချိန်မြင့်တက်မှုနှင့် ပင်လယ်သမုဒ္ဒရာမျက်နှာပြင်ပူနွေးလာမှု ဟာရီကိန်းမုန်တိုင်းများ ဖြစ်ပေါ်လာမှုနှင့် ဆက်စပ်နေ

ဘာသာပြန်
သတင်းမှတ်စု
မိုးမြင့်လင်းလက်

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပိုမိုပူနွေးလာမှုကြောင့် ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် ဟာရီကိန်းမုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်နိုင်ငံမှ ရာသီဥတုဆိုင်ရာ သုတေသနပညာရှင်များက ထုတ်ဖော် ပြောကြားလိုက်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်နှင့်သမုဒ္ဒရာတို့၏ မျက်နှာပြင် အပူချိန်လည်း မြင့်တက်လာကြောင်း၊ ကမ္ဘာ့ အပူချိန် ၁ဒီဂရီဖာရင်ဟိုက်တိုးတိုင်း ပင်လယ်သမုဒ္ဒရာတို့မှ အခိုးအငွေ့ပြန်မှု လေးရာခိုင်နှုန်းပိုမိုလွင့်ပျံလေ့ရှိကြောင်း သုတေသနပညာရှင်တို့က ပြောကြားသည်။



ရွာသွန်းခြင်း

ထို့အတူ ကမ္ဘာ့အပူချိန် ၁ဒီဂရီဖာရင်ဟိုက်တိုးတိုင်း မိုးရွာသွန်းမှုခြောက်ဆခန့် တိုးမြှင့် ရွာသွန်းတတ်လေ့ရှိရာ ထိုသို့ရွာသွန်းခြင်းသည်မိုးသက်မုန်တိုင်းများအဖြစ် တိုက်ခတ်ရွာသွန်းလေ့ရှိခြင်းပင်ဖြစ်သည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကမ္ဘာ့အပူချိန်သည် နှစ်စဉ်လျော့ကျသွားခြင်းမရှိဘဲ တိုးမြှင့်လာလျက်ရှိရာ အဓိကအရေးပါသည့်အချက်မှာ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို မည်သည့်နိုင်ငံကမျှ လျှော့ချခြင်းမပြုလုပ်ကြ၍ ဖြစ်ကြောင်း၊ နှစ်စဉ်အပူချိန်တိုးမြင့်နေခြင်းသည် ပင်လယ်နှင့်သမုဒ္ဒရာတို့၏ မျက်နှာပြင်အပူချိန်ကို အချိန်ပြည့်ပူနွေးမှု ဖြစ်ပေါ်စေခြင်းကြောင့် နှစ်စဉ်ဟာရီကိန်း မုန်တိုင်းများ ပင်လယ်နှင့်သမုဒ္ဒရာတို့တွင် တိုးမြင့်ဖြစ်ပေါ်လာနိုင်စေခြင်းဖြစ်သည်ဟုလည်း သုတေသနပြုချက်၌ဖော်ပြထားသည်။

တွန်းအားပေး

ပင်လယ်နှင့်သမုဒ္ဒရာတို့၏ မျက်နှာပြင် အမြဲတမ်းပူနွေးလာမှုသည် အင်အားကြီးမားသော ဟာရီကိန်းမုန်တိုင်းများဖြစ်ပေါ်စေရန် တွန်းအားပေးနေသည့်အချက်ဖြစ်ကြောင်းသိရသည်။ ထိုသို့ ပင်လယ်သမုဒ္ဒရာတို့၏ မျက်နှာပြင်ပူနွေးလာမှုသည် ၁၉၇၀ပြည့်နှစ်ကတည်းက စတင်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ နှစ်စဉ် ဇွန်၁ရက်မှ နိုဝင်ဘာ၃၀ရက်အထိကာလမှာ ဟာရီကိန်းမုန်တိုင်းရာသီဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင် ကီဗင်ထရန်ဘတ်ကပြောကြားသည်။

တိုးမြှင့်ဖြစ်ပေါ်လာ

ကမ္ဘာ့ပင်လယ်နှင့်သမုဒ္ဒရာတို့၏ မျက်နှာပြင်အပူချိန်သည် ၁၉၇၀ပြည့်နှစ်မှ စတင်ကာတစ်နှစ်လျှင် ၁ဒီဂရီဖာရင်ဟိုက် တိုးမြင့်လာခဲ့သဖြင့် လေဖိအားအပြောင်းအလဲများဖြစ်ပေါ်စေပြီး မိုးသက်လေပြင်းများတိုက်ခတ်ခြင်းနှင့် ဟာရီကိန်းမုန်တိုင်းများ ဖြစ်ပေါ်စေခြင်းတို့ နှစ်စဉ်တိုးမြင့်ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ၎င်းကပြောကြားသည်။

ပိုမိုဖြစ်ပေါ်

ဆိုင်ကလုန်းမုန်တိုင်းမှာ ကမ္ဘာ့မြေမျက်နှာပြင်အနီး လေဖိအားရပ်ဝန်းဖြစ်ပေါ်ကာ လေများလက်ဝဲရစ်လှည့်ပတ်ဖြစ်ပေါ်ပြီး တစ်နာရီ ၇၄မိုင်နှုန်းခန့် တိုက်ခတ်သော မုန်တိုင်းဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ကမ္ဘာကြီးပူနွေးလာမှုနှင့် ပင်လယ်သမုဒ္ဒရာ မျက်နှာပြင် အပူချိန်မြင့်တက်လာခြင်းမှာ ဟာရီကိန်းမုန်တိုင်းများ ပိုမိုဖြစ်ပေါ်စေသည့် အချက်ဖြစ်သည်ဟု ဖော်ပြထားသည်။ ။

(အင်တာနက်)

မြန်မာ့အလင်း **အင်တာနက် သဘာဝဘေးဖောင်ပိတ်**

ဩစတြေးလျ၌ အပူလှိုင်းကျရောက် လူ ၂၀ သေဆုံး၊ နေအိမ်များ မီးလောင်

ဆစ်ဒနီ ဇန်နဝါရီ ၃၁

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဇန်နဝါရီ ၃၁ရက်က အပူလှိုင်းကျရောက်ခဲ့ရာ လူ ၂၀ခန့် သေဆုံးခဲ့ကြောင်း ဩစတြေးလျသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

အဆိုးရွားဆုံး

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းဒေသများ၌ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်အထိရှိခဲ့ရာ နှစ်ပေါင်း ၁၀၀အတွင်း အဆိုးရွားဆုံး အပူလှိုင်းကျရောက်မှုပင် ဖြစ်သည်။

ဓာတ်အား

အပူချိန်မြင့်တက်မှုကြောင့် ဓာတ်အားပေးမှုများ ဖြတ်တောက်ထားရကြောင်း၊ အပူလှိုင်းကျရောက်မှုကြောင့် ဘိုလာရာမြို့၌ နေအိမ် ၁၀လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ နေအိမ် ၃၀၀၀၀၀ခန့် ဓာတ်အားပြတ်တောက်နေကြောင်း သိရသည်။

သေဆုံးသူများမှာ အပူချိန်မြင့်တက်မှုကြောင့် ရုတ်တရက် နှလုံးရောဂါတိုက်ခိုက်ခံရခြင်းကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

အင်ဒိုနီးရှား ဂျာဗားကျွန်းအလယ်ပိုင်း၌ ရေလွှမ်း

ဂျကာတာ ဇန်နဝါရီ ၃၁

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းတွင် ဇန်နဝါရီ ၃၁ရက်က မိုးရွာသွန်းခဲ့ပြီး ရေလွှမ်းမှု ဖြစ်ပေါ်ခဲ့ရာ ကျေးရွာအချို့ ရေလွှမ်းမှု ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း အင်ဒိုနီးရှား အရာရှိများကပြောကြားသည်။

ဘေးကင်းရာ

မိုးရွာသွန်းမှုကြောင့် ကျေးရွာအချို့ရှိ နေအိမ်များ ရေလွှမ်းခံရပြီး ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရကြောင်း၊ ရေဘေးဒုက္ခ ကြုံတွေ့နေရသူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

(အင်တာနက်)

■ *ကျော်ဖုံးမှ*

ထိုသို့ နေ့စဉ်အလေ့အကျင့် ပြုလုပ်ပေးပါက အသက် ၄၀ ကျော်သည့်တိုင် မျက်စိ အမြင်ဝေဝါးခြင်း၊ အမြင်ချို့ယွင်းခြင်းနှင့် မျက်ကြော နာကျင်ခြင်းဝေဒနာတို့ မဖြစ်ပေါ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

နည်းပါး

နေ့စဉ်မျက်စိလေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်သူများ မျက်စိအမြင် မှုန်ဝါးမှုနှင့် အခြားမျက်စိဝေဒနာများ မဖြစ်နိုင်ကြောင်း၊ ဖြစ်ပွားနိုင်မှု အခွင့်အလမ်းနည်းပါးကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

မိုး
အစဉ်သတိပြု

အရှေ့တောင်အာရှနိုင်ငံအချို့၏ ရာသီဥတု အခြေအနေ

စုစည်းတင်ပြသူ
မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၃၁

အရှေ့တောင်အာရှနိုင်ငံအချို့၏ ဇန်နဝါရီ ၃၁ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ်ရှိသည့် ရာသီဥတုအနေအထားများကို အင်တာနက်မှရယူကာ စုစည်းဖော်ပြလိုက်ရပါသည် -

ဗီယက်နမ်

ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၃၁ရက်က ပျမ်းမျှအပူချိန် ၂၁ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ဒေသအများအပြား၌ တိမ်ဖြစ်ထွန်းခဲ့သည်။ အရှေ့မြောက်ဘက်မှ လေအေးများ တစ်နာရီလျှင် လေးမိုင်နှုန်းတိုက်ခတ်ခဲ့သဖြင့် အအေးပိုခဲ့သည်။ မြို့တော်ဟနွိုင်းတွင် နေ့အပူချိန် ၂၁ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး တိမ်ထူထပ်ခဲ့သော်လည်း သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ ဒေသအများအပြားတွင် တိမ်များဖြစ်ထွန်းပြီး သာယာမည်။ သို့သော် နေ့ညအပူချိန်များ ကျဆင်းကာ ပျမ်းမျှနေ့အပူချိန် ၁၈ ဒီဂရီစင်တီဂရိတ်နှင့် ညအပူချိန် ၁၆ ဒီဂရီစင်တီဂရိတ်သာ ရှိမည်ဖြစ်ကြောင်း ဖော်ပြသည်။

စင်ကာပူ

စင်ကာပူနိုင်ငံတစ်ဝန်း တိမ်များဖြစ်ထွန်းခဲ့ပြီး ပျမ်းမျှအပူချိန် ၂၇ဒီဂရီစင်တီဂရိတ် ဖြစ်ခဲ့သည်။ စင်ကာပူနိုင်ငံ မြောက်ပိုင်းဒေသအချို့တွင် မိုးအနည်းငယ်ရွာသွန်းခဲ့ပြီး ကျန်ဒေသများ သာသာယာယာဖြစ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စင်ကာပူကမ်းလွန်တွင် အရှေ့မြောက်ဘက်မှ တစ်နာရီမိုင် ၄၀နှုန်း လေပြင်းများ တိုက်ခတ်ပြီး မိုးရွာသွန်းနိုင်သည်။ စင်ကာပူနိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင် သာသာယာယာရှိနိုင်မည်ဖြစ်သော်လည်း မြောက်ပိုင်းဒေသအချို့၌ နံနက်ပိုင်းဆီးနှင်းများ ကျဆင်းနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံ အရှေ့မြောက်ပိုင်း၊ မြောက်ပိုင်းနှင့်အနောက်ပိုင်းဒေသအချို့၌ နေရာကွက်ကျားမိုးရွာသွန်းခဲ့သည်။ တစ်နိုင်ငံလုံး နေ့ပျမ်းမျှအပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ရှိကာ အနောက်မြောက်ဘက်မှလေများ တစ်နာရီ ၁၁မိုင်နှုန်း တိုက်ခတ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အင်ဒိုနီးရှားကမ်းလွန်တွင် မိုးသက်လေပြင်းတိုက်ခတ်နိုင်ပြီး လှိုင်းကြီးမည်ဖြစ်ကြောင်း၊ ကမ်းခြေဒေသများ၌ မိုးရွာသွန်းနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဘရူနိုင်း

ဘရူနိုင်းနိုင်ငံတစ်ဝန်းတွင် ပျမ်းမျှအပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး နေရာကွက်ကျား မိုးရွာသွန်းခဲ့သည်။ ဘရူနိုင်းနိုင်ငံ တောင်ပိုင်းဒေသအချို့၌ နံနက်ပိုင်းဆီးနှင်းများကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ ညအပူချိန်များ အနည်းငယ် ပြန်မြင့်တက်နိုင်ပြီး အရှေ့မြောက်အရပ်မှ လေအေးများ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်နိုင်ပြီး အအေးပိုနိုင်သည်။ တောင်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသအချို့၌ နေရာကွက်ကျား မိုးရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး နံနက်ပိုင်းဆီးနှင်းများကျဆင်းခဲ့သည်။ မြောက်ပိုင်းဒေသများတွင် တိမ်ထူထပ်ခဲ့ပြီး မိုးအနည်းငယ် ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ နေ့အပူချိန်များ ပြန်မြင့်တက်ပြီး ဒေသအများအပြား၌ သာယာနိုင်မည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ အနောက်ပိုင်းဒေသများတွင် တိမ်ထူထပ်ပြီး မိုးအနည်းငယ် ရွာသွန်းနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းဖော်ပြထားပေသည်။ ။

(အင်တာနက်)

မန်ယူတို့အနိုင်ရပြီး ဆက်လက်ဦးဆောင် အာဆင်နယ်တို့ အိမ်ကွင်း၌ တစ်မှတ်သာယူနိုင်

အားကစားသတင်းမှတ်စု မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၃၁

ပရီမီယာလိဂ်ပွဲစဉ်(၂၄)ကို ဇန်နဝါရီ၃၁ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အာဆင်နယ်တို့ အိမ်ကွင်း၌ ဂိုးမရှိ သရေပွဲဖြစ်ပြီး မန်စီးတီးတို့ စတုတ်အိမ်ကွင်း၌ ရှုံးပွဲကြုံပြီး မျက်နှာပန်းမလှ ဖြစ်ခဲ့ရသည်။

အာဆင်နယ်နှင့် ဝက်စ်ဟမ်း

အိမ်ကွင်း၌ ခြေအသာဖြင့် ဖိဖိစီးစီး ကစားခဲ့သော်လည်း ဘင့်တနာနှင့် အဒီဘာယောတို့ ဦးဆောင်သော အာဆင်နယ်တိုက်စစ်မှူးများ အပိုင်ကန်သွင်းခွင့် သုံးကြိမ် ရရှိခဲ့သော်လည်း ဝက်စ်ဟမ်းဂိုးသမား ရောဘက်ဂရင်းက ကာကွယ်သွားနိုင်ခဲ့သည်။ ၅၆မိနစ်၌ အဒီဘာယော၏ ခေါင်းတိုက်မှု၊ ၆၃မိနစ်၌ အာဆင်နယ် ကွင်းလယ်ကစားသမား ဒီနယ်လ်ဆင် ညာခြေဖြင့် အပိုင်ကန်သွင်းမှုများ လွဲချော်ခဲ့သဖြင့် အာဆင်နယ်တို့ နစ်နာခဲ့ရသည်။

ကျေနပ်ခဲ့ရ

အာဆင်နယ်တို့ ဂိုးသွင်းနိုင်ရေးအတွက် ၃၆မိနစ်၌ အီဘူးအစား ဗီလာနှင့် ဘင့်တနာအစား ဗန်ပါစီတို့ကို ထည့်သွင်းကစားစေသော်လည်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဝက်စ်ဟမ်းတို့က အာဆင်နယ်ကွင်း၌ ခြေရည်တူကစားနိုင်ခဲ့ပြီး နောက်တန်းခံစစ်ကို ခိုင်မာအောင် တည်ဆောက်ခဲ့သဖြင့် အာဆင်နယ်တိုက်စစ်ကို ဟန့်တားနိုင်ခဲ့သည်။

ပွဲချိန်ပြည့်သည်အထိ အနိုင်အရှုံးမပေါ်ဘဲ သရေရလဒ်ကို နှစ်သင်းစလုံးက လက်ခံခဲ့ရသဖြင့် အာစင်ဝင်းဂါး အိမ်ကွင်း၌ တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အာဆင်နယ်နှင့် ဝက်စ်ဟမ်းတို့ပွဲတွင် အာဆင်နယ်တိုက်စစ်မှူး ဘင့်တနာ(ယာ) ဤသို့ခေါင်းတိုက်ဂိုးသွင်းယူရန် ကြိုးစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

စတုတ်နှင့် မန်စီးတီး

အဝေးကွင်းဖြစ်သော်လည်း ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ဖိကစားနိုင်ခဲ့သည့် မန်စီးတီးတို့ ဂိုးသွင်းခွင့်၁၆ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့်နှစ်ကြိမ်ရရှိခဲ့သည်။ ရော်ဘင်ဟို၊ ဘယ်လာမီနှင့် ရိုက်ဖီးလစ်တို့သုံးဦးကို ရှေ့တန်းတင်ကာ တိုက်စစ်ဖွင့်ကစားခဲ့သောမန်စီးတီးတို့ စတုတ်ကိုဖိကစားနိုင်ခဲ့သည်။

ဖူလ်လာနှင့် ဘက်တီတို့တိုက်စစ်အတွဲမှာ မန်စီးတီးနောက်တန်းကို ဖြတ်ကျော်ကာ ရှစ်ကြိမ်ဂိုးသွင်းခွင့်ရပြီး အပိုင်ကန်သွင်းခွင့်နှစ်ကြိမ်ရရှိခဲ့သည်။ သို့သော် ၃၇မိနစ်၌ စတုတ်ကွင်းလယ်ကစားသမားဒီလက်ပ် အနီကတ်ပြအထုတ်ခံရသဖြင့် ၁၀ဦးတည်းဖြင့် ကစားခဲ့ရသည်။

အဖွင့်ဂိုး

သို့သော် ပထမပိုင်းပွဲချိန်ပြည့်ခါနီး၄၅မိနစ်၌ စတုတ်ကွင်းလယ်ကစားသမား မက်သရူးဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို တိုက်စစ်မှူးဘက်တီက မန်စီးတီးဂိုးဧရိယာအတွင်းမှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိသွားခဲ့သည်။ ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေး မန်စီးတီးတို့ကြိုးစားခဲ့ရာ မိနစ် ၇၀၌ အီလာနိုပေးလိုက်သည့်ဘောလုံးကို ရော်ဘင်ဟို ဂိုးဧရိယာအတွင်းမှ ဘယ်ခြေဖြင့် အပိုင်ကန်သွင်းသော်လည်း လွဲချော်ခဲ့သဖြင့် မန်စီးတီးတို့ နစ်နာခဲ့ရသည်။ ၁၀ဦးဖြင့်ကစားရသည့် စတုတ်ကို မန်စီးတီးတို့ ချေပဂိုးမသွင်းနိုင်ခဲ့၍ နည်းပြမာ့ခ်ဟုချ် အမှတ်ဗလာဖြင့် အိမ်ပြန်ခဲ့ရခြင်းဖြစ်သည်။

မန်ယူနှင့် အဲဗာတန်တို့ပွဲတွင် မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုပယ်နယ်တီ ပြစ်ဒဏ်ဘောကို ဤသို့ ကန်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အခြားပွဲရလဒ်များ

မန်ယူ	၁ - ၀	အဲဗာတန်
ဗီလာ	၀ - ၀	ဝီဂန်
ဘော်လ်တန်	၃ - ၂	စပါး
ဖူလ်ဟမ်	၃ - ၁	ပို့စ်မောက်
ဟူးလ်စီးတီး	၂ - ၂	ဝက်စ်ဘရွန်း
မစ်ဒယ်ဘရော့	၀ - ၀	ဘလက်ဘန်း

(အင်တာနက်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ရန်ကုန်မြို့ရှိ Japan International Cooperation Agency (JICA) မြန်မာရုံးခွဲမှ ဌာနေကိုယ်စားလှယ် Mr. Hideo MIYAMOTO နှင့်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ဧည့်သည်အဖွဲ့များတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ရန်ကုန်မြို့ရှိ Japan International Cooperation Agency (JICA) မြန်မာရုံးခွဲမှ ဌာနေကိုယ်စားလှယ် Mr. Hideo MIYAMOTO နှင့်အဖွဲ့ ဇန်နဝါရီ ၂၈ရက် ညနေ ၃နာရီခွဲက ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် JICA မှ နည်းပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

လာရောက်တွေ့ဆုံ

အလားတူ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ဒေဝူးကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ဇန်နဝါရီ ၂၈ရက် ညနေ ၄ နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲများသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်နှင့် ပို့ဆောင်ရေး ဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးဝင်းခန့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး မောင်တောမြို့ ဒေသဖွံ့ဖြိုးရေးကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၁

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇန်နဝါရီ ၂၁ရက် ညနေပိုင်းက မောင်တောမြို့ အမှတ်(၄)ရပ်ကွက် မြို့မီးလင်းရေးကော်မတီ၏ (၅၀ကေဗွီအေ) စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဇန်နဝါရီ ၂၂ ရက်တွင် မြင်းလွတ်ကျေးရွာရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ နေကြာစံပြစိုက်ခင်းနှင့် ဆီမုန်ညင်းစိုက်ခင်း၊ နွားရုံတောင်ကျေးရွာရှိ ဦးအောင်သိန်းမြ၏ ဆောင်းသီးနှံမြေပဲစိုက်ခင်းနှင့် မြို့သူကြီးကျေးရွာအုပ်စုရှိ ဟင်းသီးဟင်းရွက်နှင့် နေကြာသီးညှပ်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ကညင်တန်းကျေးရွာနှင့် ပန်းတောပြင်ကျေးရွာကြားရှိ ကားလမ်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ခရေမြိုင်အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများအားလည်းကောင်း၊ အလယ်သံကျော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများနှင့် လည်းကောင်း တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ ကျောင်းသုံးဗလာစာအုပ်များ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးသည် သဝန်ချောင်းကျေးရွာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်ရေပြွန်တံတား တည်ဆောက်သွားမည့်အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

မူးယစ်အသိပညာပေးဟောပြော

ဇန်နဝါရီ ၂၃ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းက ဦးဆောင်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မူးယစ်အသိပညာပေးဟောပြောပွဲ ကျင်းပရာ ရန်ကင်းမြို့နယ် မူးယစ်ကြီးကြပ်ရေးမှူး ဦးအောင်မိုးကျော်(ခ) တိုကျိုအောင်ကြီးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့်HIV/AIDS ရောဂါအန္တရာယ်တားဆီးကာကွယ်ရေး လူငယ်အရေးခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (ပညာရေး)

ပူတာအို မာမူးလဲ့ကျေးရွာ၌ ဟောပြောပွဲကျင်းပ

ပူတာအို ဇန်နဝါရီ ၃၁

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မာမူးလဲ့ကျေးရွာအုပ်စု မာမူးလဲ့ကျေးရွာ ညီမော်ဒူစာကြည့်တိုက်၌ ဟောပြောပွဲကို ဇန်နဝါရီ ၁၁ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးစီးမှူး ဦးခင်ဆန်ခင် တက်ရောက်ပြီး စာပေဖတ်ရှုသူ တိုးပွားရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းတို့ကို ဟောပြောပို့ချကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဒသမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ အထိမ်းအမှတ်စာတမ်းဖတ်ပွဲနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၈-၂၀၀၉ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၇ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးနှင့်ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အသင်းဝင်လုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၊ ငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ၊ ရေချိုငါးဖမ်းလုပ်ငန်းရှင်များ၊ ကဏန်းလုပ်ငန်းရှင်များ၊ ငါးရှဉ့်လုပ်ငန်းရှင်များ၊ အလှမွေးငါးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များနှင့် အခြားဖိတ်ကြားသင့်သူများကို ဖိတ်ကြားထားသည်။

ပူးတွဲကျင်းပ

နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ မြန်မာ့ရေလုပ်ငန်းဆိုင်ရာ စွမ်းဆောင်နိုင်မှုနှင့် ရှေ့အလားအလာ သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၈-၂၀၀၉ကို ပူးတွဲကျင်းပမည်ဖြစ်သည်။

ပါဝင်ပြသ

ဈေးပွဲတော်တွင် မြန်မာ့ရေထွက်ပစ္စည်းများဖြင့် ချက်ပြုတ်သည့် ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်များ၊ အသင့်စားသုံးနိုင်ရန် ပြုပြင်ထုတ်လုပ်ထားသည့် မြန်မာ့ရေထွက် ပစ္စည်းထုတ်ကုန်အရောင်းဆိုင်များနှင့် အခြားလူသုံးပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရေထွက်ပစ္စည်းများနှင့်သက်ဆိုင်သည့် ပညာပေးပြခန်းများ ပါဝင်ရောင်းချပြသကြမည်ဖြစ်သည်။

ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၇ရက် နံနက် ၁၀နာရီခွဲတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၈ရက်မှ ၁၀ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည၁၀နာရီအထိ ခင်းကျင်းရောင်းချပြသကြမည်ဖြစ်ပြီး ဈေးပွဲတော်လာပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ရန်အတွက် မြန်မာ့ပင်လယ်ပျော် ရေသူမအလှ မင်းသမီးရွေးပွဲ(Miss Mermaid)၊ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပါရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ် သနပ်ပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ရက်က ကျောင်းခန်းမ၌ကျင်းပရာ ပထမတန်းတွင် ပထမဆုရ မအေးအေးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်အေးထွန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အလက(၃)တောင်ဥက္ကလာ ဟောပြောပွဲ

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလက(၃) တောင်ဥက္ကလာပတို့ ပူးပေါင်းဆောင်ရွက်သော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇန်နဝါရီ ၂၇ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန်းမြင့်က အမှာစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်းနှင့် မွန်ပြည်နယ်အတွင်းရှိ မီးသတ်စခန်းများ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန (အောက်မြန်မာပြည်) ကွပ်ကဲရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းသည် ဇန်နဝါရီ ၁၆ရက်မှ၁၉ရက်အထိ ပဲခူးတိုင်းအတွင်းရှိ မီးသတ်စခန်းများနှင့် မွန်ပြည်နယ်အတွင်းရှိ မီးသတ်စခန်းများသို့ သွားရောက်စစ်ဆေး၍ မီးသတ်ယာဉ်၊ စက်များ အစဉ်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားရန် မြို့မီးဘေးလုံခြုံရေးစီမံချက်အတိုင်း ဆောင်ရွက်ထားရှိရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးကို ဆောင်ရွက်သွားရန် တပ်ဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

စစ်ဆေး

ထို့နောက် ကျိုက်ထီးရိုးမီးသတ်စခန်းတွင် အသစ်ဆောက်လုပ်လျက်ရှိသော မီးသတ်အဆောက်အအုံကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

ပညာရေးစုံညီပွဲ ကျောက်ထုမြို့၌ ကျင်းပ

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော် ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက် နံနက်၉နာရီက ကျောင်းအားကစားကွင်း၌ ကျင်းပရာ ကျောက်ထုမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ညိုခန့်တို့က ၂၀၀၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်သည်။ (ဝ၇၁)

တိုင်းအထွေထွေအုပ်ချုပ်ရေးမှူး ဝန်ထမ်းများနှင့်တွေ့ဆုံ

မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းသည် ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ဇန်နဝါရီ၇ရက် နံနက်၇နာရီက ခရိုင်၊ မြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာစာရေးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးကာ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ (၁၆၉)

မြင်းခြံမြို့နယ်၌ ကာကွယ်ဆေးတိုက်ကျွေး

မြင်းခြံမြို့နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉) ပထမအကြိမ် ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ဇန်နဝါရီ ၁၀ရက်ကကျင်းပရာ မြင်းခြံခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းအောင်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသည် မြင်းခြံမြို့နယ်အတွင်းရှိ ငါးနှစ်အောက်ကလေးပေါင်း ၃၈၃၄၇တို့အား ဆေးတိုက်စုရပ် ၂၄၉နေရာ၌ ဆေးတိုက်အဖွဲ့ ၂၀၇ဖွဲ့တို့ဖြင့် ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးကြောင်း သိရသည်။ (ဝ၈၇)

ပင်လည်ဘူးမြို့နယ်၌ စာပေဟောပြော

ပင်လည်ဘူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်း၍ ဒီဇင်ဘာ ၃၀ရက် မွန်းတည့် ၁၂နာရီက ပင်လည်ဘူးမြို့နယ် ခေါက်စင်းအထက(ခွဲ)တွင် စာပေဟောပြောပွဲ ကျင်းပရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)နှင့် လယ်တွင်းသားစောချစ်တို့က ဟောပြောကြပြီး ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီတွင်လည်း ပင်လည်ဘူးမြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်တွင် ဟောပြောပွဲကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေး၊ စာရေးဆရာချစ်နိုင်(စိတ်ပညာ)နှင့် လယ်တွင်းသားစောချစ်တို့က စာပေရေးရာများဟောပြောကြသည်။ (ဝ၃၂)

ကလောမြို့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

ကလောမြို့နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၀ရက် မွန်းလွဲ ၁ နာရီက ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပကြောင်း သိရသည်။ (ဝ၂၄)

မိုးကောင်း၌ ကျောင်းကြက်ခြေနီ သင်တန်းဆင်း

မိုးကောင်းမြို့နယ် ပညာရေးမှူးရုံးနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကျောင်းကြက်ခြေနီသင်တန်းအမှတ်စဉ် (၂/၂၀၀၈)ဆင်းပွဲကို ဒီဇင်ဘာ ၃၁ရက် နံနက် ၁၀နာရီက နန်းခွင်ကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမင်းဦးနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမြင့်ဖေတို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ဝဝ၁)

မကွေး၌ အခြေခံမီးသတ် သင်တန်းဆင်း

မကွေးမြို့ အောင်ရတနာရပ်ကွက် အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၉)ဖွင့်ပွဲကို ဇန်နဝါရီ ၈ရက် ညနေ ၆နာရီက မကွေးမြို့ ကုန်သည်ကြီးများအသင်း ကုန်စည်ဒိုင်၌ကျင်းပရာ မကွေးတိုင်းမီးသတ်ဦးစီးမှူး ဦးကြည်တိုး၊ မြို့နယ် အတွင်းရေးမှူး ဦးခင်ကျော်ညွှန့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်မျိုးနှင့်အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ (ဝ၇၂)

ကလေးပြပွဲပြိုင်ပွဲ ကနီ၌ကျင်းပ

ကနီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးပြီး ကလေးပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၈နာရီက အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကပ်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသူကလေးများအား ဆုများချီးမြှင့်သည်။ (မြို့နယ် ပြန်/ဆက်)

ရေစကြိုမြို့၌ မီးငြိမ်းသတ်နည်း သရုပ်ပြ

မကွေးတိုင်း ရေစကြိုမြို့ မြို့မဈေးကြီးအမှတ်(၁) အလယ်ပေါက် ရင်ပြင်သာတွင် ဇန်နဝါရီ ၁၄ရက် ညနေ၄နာရီက မြို့နယ်မီးသတ် ဦးစီးမှူးဦးကျော်နိုင်လင်းနှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် မီးငြိမ်းသတ်နည်း သရုပ်ပြပွဲ ကျင်းပသည်။ (ဝ၆၉)

သာယာဝတီမြို့၌ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းဇော်ဦး တာဝန်ယူဆောင်ရွက်သော သာယာဝတီမြို့ ထောင်ကြီးလမ်း အရှည် ပေ၁၁၂၅ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ၁ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

* ကျောဖုံးမှ

အထောက်အထားများတွေ့ရှိ

မကွေးတိုင်း တောင်တွင်းကြီးမြို့၏ အနောက်ဘက် ၁၂မိုင်အကွာတွင် တည်ရှိသော ဗိဿနိုးမြို့ဟောင်းသည် မြန်မာနိုင်ငံ၏ ထင်ရှားသော ရှေးအကျဆုံး ပျူမြို့ဟောင်းတစ်ခု ဖြစ်၍ ရှေးဟောင်းသုတေသနမှ အကြိမ်ကြိမ် ကွင်းဆင်းသုတေသနပြု တူးဖော်ခဲ့ရာ ပျူယဉ်ကျေးမှု အထောက်အထားများကို တွေ့ရှိခဲ့ပြီးဖြစ်သည်။

ဗိဿနိုးမြို့ဟောင်း တူးဖော်သုတေသနပြုရာမှ အရိုးအိုးကြီး၊ အဆောက်အအုံ ပန္နက်ပုံသဏ္ဌာန်နှင့် ပျူခေတ် လူအသုံးအဆောင်ပစ္စည်းများ တူးဖော်တွေ့ရှိရစဉ်။ (သတင်းစဉ်)

သရုပ်ဖော်ထား

ယခုတူးဖော်ခဲ့သည့်ကုန်းများတွင် ကုန်းအမှတ်(၂၇)မှ မြေပုတီးစေ့၊ အရိုးအိုး၊ အရိုးစု၊ ကြေးစငယ်၊ သံစငယ်၊ တိရစ္ဆာန်သွား၊ အင်ကြင်းကျောက်၊ အင်္ဂတေရုပ်တု၏ ခြေထောက်အစိတ်အပိုင်းစသည့်ပစ္စည်းများကို တူးဖော်တွေ့ရှိခဲ့သည်။ တူးဖော်တွေ့ရှိသော အရိုးအိုးများတွင် အဆောက်အအုံအတွင်း ပလ္လင်ခုံအနီးမှ တူးဖော်ရရှိသော အရိုးအိုးကြီးမှာ အမြင့် ၁၈လက်မ၊ အချင်း ၁၀လက်မခွဲခန့်ရှိပြီး အလှအပ အဆင်တန်ဆာများနှင့် ပြုလုပ်ထားကာ အရိုးအိုးကြီး၏ အဖုံးပတ်လည်တွင် ပန်းပွင့်ပန်းချပ်များ၏ သဏ္ဌာန်အရုပ်ကလေးများနှင့် လူပုံသဏ္ဌာန်အရုပ်ကလေးများဖြင့် သရုပ်ဖော်ထားသည်ကို တွေ့ရသည်။ တစ်ဖန် အရိုးအိုး၏ ကိုယ်ထည်ပိုင်းတွင် ဖောင်းကြွကွင်းဝိုင်း ငယ်ကလေးများ၊ ဖောင်းတွန့်များ စသည့်အခြယ် အလှယ်များနှင့် တန်ဆာဆင်ထားသည်ကို တွေ့ရသည်။

အဆိုပါအရိုးအိုး၏ ပုံသဏ္ဌာန်နှင့် အဆင်တန်ဆာတို့သည် ယခင်တွေ့ရှိခဲ့ပြီးသော အရိုးအိုးများနှင့်မတူ တစ်မူထူးခြားနေသည်။

ထူးခြားမှုရှိ

ကုန်းအမှတ်(၂၈)ကို တူးဖော်ရာမှ ပေါ်ထွက်လာသော အဆောက်အအုံ၏ ပန္နက်ပုံသဏ္ဌာန်သည်လည်း ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည်။ ယခင် တူးဖော်တွေ့ရှိခဲ့သော အဆောက်အအုံတို့၏ အပြင်ဘက်အုတ်ရိုးတန်းများသည် အချိုးအကွေ့မပါဘဲ တစ်ဖြောင့်တည်းသာ တည်ဆောက်ခဲ့ကြသော်လည်း ယခုတွေ့ရှိရသောအဆောက်အအုံ၏ အပြင်ဘက်အုတ်ရိုးတန်းသည် တစ်ဆစ်ချိုးအကွေ့ ထည့်သွင်းတည်ဆောက်ထားခြင်းကြောင့် ထူးခြားမှုရှိသည်ဟု ဆိုနိုင်သည်။ ထိုကုန်းမှာပင် အခြယ်အလှယ်ပါ အရိုးအိုးများစွာ တွေ့ရှိရပြီး ကြေးဆီမီးခွက် ၃၈ခု၊ မြေဆီမီးခွက် ရှစ်ခုနှင့် အင်္ဂါမပြည့်စုံသော အရိုးစုတစ်ခုတို့ကိုလည်း တွေ့ရှိရသည်။

အသေးငယ်ဆုံး

ကုန်းအမှတ် (၂၉)မှ တူးဖော်တွေ့ရှိရသော အဆောက်အအုံနှင့် ပန္နက်ခုံတို့မှာ တူးဖော်တွေ့ရှိပြီးသမျှ အဆောက်အအုံများနှင့် နှိုင်းယှဉ်ကြည့်လျှင် အသေးငယ်ဆုံးဖြစ်သောကြောင့် ထူးခြားမှုတစ်ရပ်ဟု ဆိုနိုင်သည်။

အားထုတ်ကြိုးပမ်း

အထက်ပါတူးဖော်တွေ့ရှိချက်များကိုသုံးသပ်လျှင် တွေ့ရှိသမျှ အဆောက်အအုံတိုင်းတွင် အသုံးပြုထားသော အုတ်အရွယ်အစားနှင့် ဗိသုကာပညာသည်လည်းကောင်း၊ တွေ့ရှိရသော ရှေးဟောင်းပစ္စည်းအားလုံးသည်လည်းကောင်း ဗိဿနိုးပျူခေတ်၏ ယခင်တူးဖော်တွေ့ရှိမှုများနှင့် နှိုင်းယှဉ်လေ့လာရာတွင် ကောင်းစွာအထောက်အကူဖြစ်စေသော ခေတ်ပြိုင် အထောက်အထားများဖြစ်ကြပြီး ယင်းအထောက်အထားများအရ ပျူလူမျိုးတို့၏ ဆန်းသစ်သောအတွေးအခေါ်နှင့် ဗိသုကာပိုင်းဆိုင်ရာ အားထုတ်ကြိုးပမ်းမှုတို့ကိုလည်း လေ့လာတွေ့မြင်ရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ ဆေးရုံမှ ဆရာဝန်ကြီးများ ဆေးပညာရပ်ဆိုင်ရာ ရှင်းလင်းပြောကြား

ရန်ကုန် ဇန်နဝါရီ ၃၁

အိန္ဒိယသမ္မတနိုင်ငံ AMRI ဆေးရုံမှ ဆရာဝန်ကြီးများ၏ ဆေးပညာရပ်ဆိုင်ရာ ရှင်းလင်းဟောပြောပွဲကို ဇန်နဝါရီ ၂၇ရက် မွန်းလွဲ၂နာရီကရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်ခန်းမ၌ ကျင်းပရာ **(အောက်ယာပုံ)** ရှေးဦးစွာ AMRI ဆေးရုံ International Business & Patient Service မှ General Manager Mr. Yogesh Joshiက နှုတ်ခွန်းဆက်စကား ပြောကြားပြီး Gynaecology & IVF Dept မှ ဒါရိုက်တာ Dr. Pronab Dosgupta က သားဖွားမီးယပ်ရောဂါဆိုင်ရာကုသမှုများအကြောင်း ကိုလည်းကောင်း၊Cardio Thoracic & Vascular Surgery Dept မှဒါရိုက်တာ Dr. Km Mandana က နှလုံးခွဲစိတ်ကုသမှုဆိုင်ရာများကို လည်းကောင်း၊ Neurology Dept မှ ဒါရိုက်တာ ပရော်ဖက်ဆာ RN Bhatta Chary က အာရုံကြော ခွဲစိတ်ကုသမှု အကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြကာ ယင်းဆေးရုံတွင် တက်ရောက်၍ ဆေးဝါးကုသမှုခံယူခဲ့ဖူးသူများကလည်း ဆေးဝါးကုသမှုခံယူခဲ့စဉ်က အတွေ့အကြုံများကို အသီးသီး ရှင်းလင်းပြောကြားကြသည်။

နိုင်ငံတကာအဆင့်မီ

AMRI ဆေးရုံသည် ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ဆေးရုံအဖွဲ့အစည်း International Hospital Federation (IHF)၏ အသင်းဝင်ဖြစ်ပြီး ကမ္ဘာ့အဆင့်မီ အရည်အသွေးစံနှုန်းသတ်မှတ်ချက် ISO-9001; 2000 ဆုတံဆိပ်များရရှိထားကာ အိန္ဒိယသမ္မတနိုင်ငံ Kolkataတွင် အခြေစိုက်ဖွင့်လှစ်ထားသည့် နိုင်ငံတကာအဆင့်မီ ဆေးရုံတစ်ရုံဖြစ်သည်။

အဖိုးအခသက်သာ

ရောဂါဝေဒနာအမျိုးမျိုးကို နောက်ဆုံးပေါ်ခေတ်မီဆေးဝါးကုထုံး၊ အထောက်အကူပြုစက်ကိရိယာများအသုံးပြု၍ ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာပညာရှင်များက အဖိုးအခ သက်သာသော ကျန်းမာရေး ဝန်ဆောင်မှုတို့ဖြင့် ကုသပေးနေသော ဆေးရုံ ဖြစ်သည်။

ယင်းဆေးရုံနှင့်ပတ်သက်၍ သိလိုသည်များကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာ့အေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပုလဲကွန်ဒို အဆောက်အအုံ အမှတ်-B ဒုတိယထပ်အခန်းအမှတ် F 28၊ ဖုန်း ၉၅၁-၅၅၄၂၉၁၊ ၅၄၁၃၁၂၊ Fax ၅၄၅၉၈၃ နှင့် e-mail. amrihospitals. man @ g mail. comတို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။ **(သတင်းစဉ်)**

နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်

(၆၂) နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၇ရက်က အမက(၁)ဒဂုံ၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ထုတ်လုပ်ရေးစနစ် ထိရောက်ထက်မြက်အောင် ဖန်တီးယူခြင်း နည်းပညာဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ဦးဆောင်မှုဖြင့် ထုတ်လုပ်ရေးစနစ် ထိရောက်ထက်မြက်အောင်ဖန်တီးယူခြင်း ခေါင်းစဉ်ဖြင့် ဟောပြောပို့ချပွဲကို ဖေဖော်ဝါရီ ၃ရက်(အင်္ဂါနေ့) နံနက် ၉နာရီခွဲမှ ၁၁နာရီခွဲအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်နိုင်

ဂျပန်နိုင်ငံ Nagoya University မှ ပါမောက္ခ Mr. Kuroiwa(Specialistin TOYOTA Production System)က အဆိုပါခေါင်းစဉ်ဖြင့် လာရောက်ဟောပြောပို့ချမည်ဖြစ်ပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို စိတ်ဝင်စားသူပုဂ္ဂိုလ်များ၊ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၊ စီမံခန့်ခွဲအုပ်ချုပ်သူများနှင့် အင်ဂျင်နီယာများ၊ ပညာရှင်များအတွက် နည်းပညာ ပြန့်ပွားတိုးတက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက စီစဉ်ခြင်းဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုသော အချက်အလက်များကို ဖုန်း-၅၁၉၆၇၃-၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

သတင်းအဖွဲ့သည် မကြာမီက တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးရေးသတင်းဆောင်းပါးများ ရေးသားရန် ကော့သောင်းနှင့်မြိတ်ခရိုင်မှတစ်ဆင့်ကုန်းတစ်တန် ရေတစ်တန်ဖြင့် သွားရောက်ကာ ရေးသားခဲ့သည်။

ကိုယ့်အားကိုယ်ကိုး

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စီစဉ်ပေးမှုဖြင့် မြို့နယ်သတင်းထောက် ဦးခင်မောင်ကြီး ကူညီလိုက်ပါကာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စီမံကိန်း တစ်ခုဖြစ်သည့် သရက်ချောင်းမြို့နယ် ကျောက်မိုးတောင် အသေးစားရေအားလျှပ်စစ် ထုတ်ယူရေးလုပ်ငန်းသို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ထုတ်ယူသည့် သရက်ချောင်းမြို့သည် ထားဝယ်မြို့၏ တောင်ဘက်၁၈မိုင်အကွာတွင် တည်ရှိသည်။ ကားဖြင့် နှစ်နာရီခန့် သွားရသည်။ ထားဝယ်-မြိတ် ကားလမ်းဘေး၌ ရှိသည်။ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၄ရက်က ဖြစ်သည်။ သတင်းအဖွဲ့သည် အဆိုပါ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် ထုတ်ယူရေးလုပ်ငန်းသို့ သွားရောက်ခဲ့ရာ ဒေသ၏စီးပွားရေး တိုးတက်ပြောင်းလဲလာမှုကြောင့် လမ်းတစ်လျှောက် ဘေးဝဲယာတွင် နေအိမ်အများအပြား ပျဉ်ထောင်အိမ်၊ ခနိမိုးအိမ်ကြီးများမှတစ်ဆင့် တက်ကာ အုတ်နံကပ်၊ သွပ်မိုးတိုက်ခံ နှစ်ထပ်အိမ်အများအပြားကို တွေ့ရသည်။ လမ်းတစ်လျှောက်တွေ့ရသည့် နေအိမ်၁၀လုံးလျှင် ငါးလုံးမှာ ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီး တိုက်အိမ်များဖြစ်ကြသည်။

ရေတံခွန်ကို အသုံးပြု

“အမြင့်ပေ ၁၃၀ရှိ တောင်နှစ်လုံးမှ စီးဆင်းလာတဲ့ကျောက်မိုးတောင် ရေတံခွန်ကို အသုံးပြုပြီး တာဘိုင် လည်ပတ်စေခဲ့ပါတယ်။”

ဦးမိုးသိန်း
ဥက္ကဋ္ဌ
မီးလင်းရေးကော်မတီ
ကျောက်မြောင်းရပ်ကွက်
သရက်ချောင်းမြို့နယ်။

ဒီလုပ်ငန်းကို မြိတ်-ထားဝယ် ကားလမ်းမှတစ်ဆင့် ဆိုင်ကယ်သို့မဟုတ် ထော်လာဂျီဖြင့် သွားရောက်လေ့လာနိုင်ပါတယ်။ စက်ရုံမှာ အနီးရှိ အမြင့်ပေ ၁၃၀ရှိ တောင်နှစ်လုံးမှ စီးဆင်းလာတဲ့ ကျောက်မိုးတောင် ရေတံခွန်ကို အသုံးပြုပြီး တာဘိုင်လည်ပတ်စေခဲ့ပါတယ်။ ယင်းရေတံခွန်မှ ချောင်းရိုးအတိုင်း စီးဆင်းလာတဲ့ရေကို ကျောက်သားတမံတည်ဆောက်ပြီး ရေထိန်းကန်မှ တစ်ဆင့် ပိုက်ဖြင့်ရေပို့လွှတ်ကာ တာဘိုင်စက်လည်စေလျက် ဓာတ်အား ထုတ်ယူခဲ့ပါတယ်”ဟု ဦးမိုးသိန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

“ယခုအခါမှာတော့ ဒီရေအားလျှပ်စစ်ကိုသုံးပြီး အိမ်ခြေ၁၂၀ကျော်၊တစ်အိမ်လျှင် မီးသုံးပွင့်နှုန်းနဲ့လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ပါပြီ။ ကျွန်တော်တို့ မီးလင်းရေးကော်မတီအနေနဲ့ ဒီရေအားလျှပ်စစ်စက်ရုံမှ ကီလိုဝပ်၂၀ထုတ်လုပ်နိုင်ပါပြီ၊ နောက်ထပ်ရေလှောင်ကန်တမံရဲ့ အလျားနဲ့အမြင့်ကို ထပ်မြှင့်ပြီး အိမ်ခြေ ၂၅၀အထိ လျှပ်စစ်မီးပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်”ဟု ရပ်ကွက်မီးလင်းရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်အောင်က ရှင်းပြသည်။

ဖြန့်ဖြူးပေးနိုင်

“အိမ်ခြေ၁၂၀ကျော် တစ်အိမ်လျှင် မီးသုံးပွင့်နှုန်းနဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပါပြီ”

ဦးမြင့်အောင်
အတွင်းရေးမှူး
မီးလင်းရေးကော်မတီ
ကျောက်မြောင်းရပ်ကွက်
သရက်ချောင်းမြို့နယ်။

တွေ့ဆုံခွင့်

ထိုမှတစ်ဆင့် သတင်းအဖွဲ့သည် သရက်ချောင်းမြို့မှ ထားဝယ်မြို့သို့ ပြန်လည်ထွက်ခွာလာရာ အပြန်ခရီးတွင် ထားဝယ်အစည်းအဝေးတစ်ခုမှ ပြန်လာသော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် တွေ့ဆုံခွင့်ကြုံခဲ့ပါသည်။

“ကျွန်တော်တို့ ဒီသရက်ချောင်းမြို့မှာ ကျောက်မြောင်းရပ်ကွက်ရှိ ကိုယ်အားကိုယ်ကိုး ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းအပြင် ပန်းတောရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ မြို့မရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများရှိပါတယ်။ ပန်းတောရေအား လျှပ်စစ်ကတော့ ၂၀၀၇ခုနှစ်မှစတင် တည်ဆောက်ခဲ့ပြီး ကီလိုဝပ် ၃၀ထုတ်လုပ်ပေးနိုင်ပါတယ်။ ဒါ့အပြင် ဒီမြို့နယ်အတွင်းမှာ ကျွဲစားပြောင်း ရေတံခွန်ကိုအသုံးပြုပြီး ကီလိုဝပ် ၂၀ရှိ ရေအားလျှပ်စစ်ထုတ်ယူဖို့အတွက်လည်း စီစဉ်ဆောင်ရွက်နေပါပြီ”ဟု မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

သို့ဖြစ်ရာ ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်သည် ဒေသတွင်းရှိ သဘာဝရေအရင်းအမြစ်များကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများကို တိုးချဲ့တည်ဆောက်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်ဖြစ်သည့် မြို့ရွာများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာရေးဆိုသည့်အချက်ကို လက်တွေ့ကျကျ ဖော်ဆောင်လာနိုင်တော့မည်ဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက်အဖြစ် လေ့လာတင်ဆက်လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ရည်မှန်းချက်

နိုင်ငံတော်က မျှော်မှန်းအကောင်အထည်ဖော်နေသည့် မြို့ရွာများ အလျင်အမြန်ဖွံ့ဖြိုးရမည်ဆိုသော ရည်မှန်းချက်သည် သရက်ချောင်းမြို့နယ်အတွက်တော့ လက်တွေ့ဆန်သည့် သာဓကပြယုဂ်ပြကွက်များပင် ဆိုရချေမည်။ နေအိမ်များ၊ တိုက်တာများအဆင့်သို့ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မြို့ပြ၏ အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးရရှိရန် လိုအပ်လာသည်။

ဂုဏ်ယူ

ယင်းလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်ရန် ဒေသခံပြည်သူများအနေဖြင့် အစိုးရကိုချည်း အားမကိုးဘဲ ကိုယ့်အားကိုယ်ကိုးကာ ဒေသမီးလင်းရေး ပူးပေါင်းဆောင်ရွက်နေသည်ကို ဂုဏ်ယူအားရဖွယ် လေ့လာတွေ့ရှိခဲ့ရသည်။

သတင်းအဖွဲ့သည် ထားဝယ်-မြိတ်ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ သရက်ချောင်းမြို့ ကျောက်မြောင်းရပ်ကွက်သို့ ရောက်ရှိသည်။ ယင်းရေအားလျှပ်စစ် ထုတ်ယူရေးလုပ်ငန်းမှ လုပ်ငန်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးမိုးသိန်းနှင့် အတွင်းရေးမှူး ဦးမြင့်အောင်တို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

“ကျွန်တော်တို့ သရက်ချောင်းမြို့ ကျောက်မြောင်းရပ်ကွက်အတွင်းမှာ ရပ်ကွက်အတွင်း လျှပ်စစ်မီးလင်းရေးအတွက် လုပ်ငန်းရှင်၂၁ဦးရဲ့ ဦးဆောင်မှုနဲ့ ၂၀၀၆ခုနှစ် စက်တင်ဘာလမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီရေအားလျှပ်စစ်လုပ်ငန်းဟာ ကျောက်မြောင်းရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာမှာ ရှိပါတယ်။

ကီလိုဝပ် ၃၀ထုတ်လုပ်ပေးနေသော ရေအားလျှပ်စစ်ရုံ

တောင်နှစ်လုံးမှ စီးဆင်းလာသော ရေကိုသိုလှောင်ပြီး လျှပ်စစ်ကီလိုဝပ် ၃၀ထုတ်လုပ်ပေးနေသော သရက်ချောင်းမြို့နယ် ကျောက်မြောင်းရပ်ကွက် ရေအားလျှပ်စစ်ရုံကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ဒေသတွင်းရှိ သဘာဝရေအရင်းအမြစ်များကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့နိုင်သည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်ဖြစ်သည့် မြို့ရွာများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာရေးဆိုသည့် အချက်ကို လက်တွေ့ကျကျ ဖော်ဆောင်လာနိုင်တော့မည်။

သာယာဝတီမြို့ အထက(၂) ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

အထက(၂) (ယခင် အေ၊ ဘီ၊ အမ်) သာယာဝတီမြို့တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများက အထက(၂) (အေ၊ဘီ၊အမ်) သာယာဝတီ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် သက်ပြည့်(အငြိမ်းစား) ဆရာကြီး ဆရာမကြီးများအား ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် တပည့်အပေါင်းက ဂါရဝပြုပူဇော်ကန်တော့ကြမည်ဖြစ်ရာ ရပ်နီး၊ ရပ်ဝေးမှ ကျောင်းသားကျောင်းသူဟောင်းများ အထက(၂) (အေ၊ဘီ၊အမ်) သာယာဝတီသို့ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

အလှူငွေများကို ဒေါ်ကြည်ဝင်း (ကျောင်းအုပ်ဆရာမကြီး၊ အထက-၂၊ သာယာဝတီ)ဖုန်း-၀၅၅-၃၀၀၅၀၊ ဦးတုတု(သာယာဝတီ)ဖုန်း-၀၅၅-၃၀၃၀၆၊ ဒေါက်တာနီနီအေး (သာယာဝတီ) ဖုန်း-၀၅၅-၃၀၃၂၆၊ ဒေါ်သန်းသန်းချို (သာယာဝတီ)ဖုန်း-၀၅၅-၃၀၈၀၉၊ ဦးကျော်ကျော်ဦး(သာယာဝတီ)ဖုန်း-၀၉-၅၃-၆၀၁၆၉၊ ဦးဇော်ညီညီစိန်(သာယာဝတီ)ဖုန်း-၀၉-၅၃-၆၀၄၆၆နှင့်ဦးသက်မော်ဦး ဖုန်း-၀၁-၃၉၆၉၉၉ လိုင်းခွဲ (၂၀၆၀) ရန်ကုန်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တိုက်ကြီးမြို့နယ် အထက ဖလုံ၏ ၂၀၀၉ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုနှင်းသဘင်အခမ်းအနားတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ လေးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ မောင်ထင်သူအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)
(၂-၂-၂၀၀၉)ရက်

- ၀၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်းကြေညာချက်
- ၀၇း၁၅ တရားတော် **အာဠွနာဋိယသုတ်** ဓမ္မပူဇာတေးပဒေသာ
- ၀၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၀၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၀၈း၀၀ စံတော်ချိန် + သတင်း
- ၀၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၀၉း၀၀ အစီအစဉ်ပြီး၏။

- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ လယ်ယာစီးပွား (သီးနှံများ အလေအလွင့်နည်းအောင်)
- ၁၀း၅၅ တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၁၀ မေတို့တွက်တာအလှကမ္ဘာ (အိမ်တွင်းအလှပြင်နည်းသုံးမျိုး)
- ၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ လူနေမှုတိုးတက်ရေးဖြစ်စဉ် သမိုင်းကြောင်း-အပိုင်း(၁)
- ၁၂း၀၀ စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း (စာရင်းစစ်)
- ၁၂း၁၅ နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၃၀ အားကစားသတင်းပဒေသာ
- ၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၅ တေးပဒေသာ
- ၁၃း၁၀ ပညာရေးအစီအစဉ် (ဒုတိယတန်း-သိပ္ပံ)
- ၁၃း၃၀ အစီအစဉ်ပြီး၏။

- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး (လူငယ်နှင့်နိုင်ငံခြားဘာသာစကား)
- ၁၆း၃၀ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (သင်္ချာ)
- ၁၇း၀၀ သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (အားကစား)
- ၁၇း၁၀ ဇာနည်စစ်သည်တေးပန်းချီ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ညနေခင်းတေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ ရေဒီယိုအတိတ် တေးအရိပ်
- ၁၉း၁၀ နိုင်ငံရေးဦးတည်ချက်
- ၁၉း၂၅ ပြုံးပဒေသာ
- ၁၉း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၁၉း၄၅ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၁၀ ဟန်မျိုးစုံညီတေးကိုသီ စီးပွားရေးဦးတည်ချက်
- ၂၀း၅၀ ရင်တွင်းခံစား တေးသီချင်းများ (ဒေါ်တင်ဝင်း)
- ၂၁း၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
- ၂၁း၃၀ တေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေးနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်တို့အား ဂျပန်နိုင်ငံ **Ministry of Economy Trade and Industry (METI), Trade Policy Bureau** မှ **Director for ASEAN Mr.Jun Koda** မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် **Mr. Atsushi Igarashi** လိုက်ပါ၍ ဇန်နဝါရီ ၂၁ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်သို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ငွေဆောင်အလှစာတတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ငွေဆောင်ဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့ ပူးပေါင်းကျင်းပသည့် ငွေဆောင်အလှသဘာဝဓာတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ သမ္မတဟိုတယ်၌ကျင်းပရာ ရှေးဦးစွာတာဝန်ရှိသူတို့က ငွေဆောင်အလှသဘာဝဓာတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ရှင်းလင်း

ထို့နောက် ငွေဆောင်ဇုန်ဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာအောင်ဌေးလင်းက ငွေဆောင်အလှ သဘာဝဓာတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲတွင် ပထမဆုရ ဦးကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၊ ဒုတိယဆုရဦးသန့်စင်၊ တတိယဆုရ ဦးအောင်မင်းဦးနှင့် နှစ်သိမ့်ဆု ၁၇ ဆုတို့ကို ငွေဆောင်ဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်း၊ ဘဏ္ဍာရေးမှူး ဒေါ်မိုးမြမြ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာ နေဇင်လတ်နှင့်တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)**

ကြည့်ရှုနိုင်

ငွေဆောင်အလှသဘာဝဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၅နာရီအထိ ပြသမည်ဖြစ်ပြီး မည်သူမဆိုလာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

သရေပွဲနှစ်ပွဲနှင့် ဒိုင်ပွဲရပ်လိုက်သော ပွဲတစ်ပွဲရှိခဲ့ပြီး အလဲထိုးပွဲ ခုနစ်ပွဲ ဖြစ်ခဲ့သည်။ အလဲထိုးပွဲများတွင် အဓိက စိန်ခေါ်ပွဲ၌ တွေ့မရှောင် (KLN)က ရန်ကြီးအောင်(မြို့တော်စည်ပင်)ကို အလဲထိုးအနိုင်ယူလိုက်သောပွဲလည်း ပါဝင်သည်။

အောင်ပွဲခံ

တွေ့မရှောင်(K.L.N) အနိုင်ရအပြီး အောင်ပွဲခံနေစဉ်။
(မြန်မာ့အလင်း)

နှစ်ကြိမ်တိုင်

တွေ့မရှောင်နှင့် ရန်ကြီးအောင်တို့သည် ၂၀၀၆ခုနှစ် ဝန်းကျင်က နှစ်ကြိမ်တိုင် တွေ့ဆုံခဲ့ကြသော်လည်း သရေပွဲများသာဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် တွေ့မရှောင်က လိုက်ဝိတ်၊ ရန်ကြီးအောင်က မစ်ဒယ်ဝိတ်တန်း၌ ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့ကြပြီး ယခုမှ ပြန်ဆုံကြခြင်းဖြစ်သည်။ ပွဲမစမီကပင် တွေ့မရှောင်အား လက်ဝှေ့ဝါသနာရှင်တစ်ဦးက ငွေကျပ်ငါးသောင်း ကြိုတင်ချီးမြှင့်ထားသည်။ လက်ဝှေ့သမားနှစ်ဦး စင်ပေါ်တက်မလာမီ ပရိသတ်၏ကြိုဆိုဩဘာပေးမှုကိုလည်း တွေ့မရှောင်က ပိုမိုရရှိခဲ့သည်။ ကြိုးဝိုင်းစင်ပေါ်တွင်အမြင်အားဖြင့်ပင် ရန်ကြီးအောင်က တွေ့မရှောင်ထက် အလုံးအရပ်သာကြောင်း သိသာသည်။

ရန်ကြီးအောင်က ၅ပေ ၈လက်မရှိ၍ တွေ့မရှောင်က ၅ပေ ၄လက်မသာရှိသည်။ ဝိတ်တန်း(ကိုယ်အလေးချိန်)အားဖြင့်လည်း ရန်ကြီးအောင်က တွေ့မရှောင်ထက် ၇ကီလိုခန့် ပိုစီးသည်။ လက်တံ (ဘယ်ညာလက်သီးအကွာအဝေး)တွင်မူ၆၂လက်မရှိသော ရန်ကြီးအောင်ထက် တွေ့မရှောင်ကပင် စင်တီမီတာ အနည်းငယ်ခန့် ပိုရှည်သည်။

ပထမအချီ

ပထမအချီတွင် ရန်ကြီးအောင်က ညာခြေအမြင့် ကန်ချက်ဖြင့် ပွဲကိုစသည်။ တွေ့မရှောင်က တံတောင်မြှင့်၍ကာသည့်အတွက် မထိရောက်ပေ။ တွေ့မရှောင်က လက်နှစ်ဖက်ကို ရှေ့သို့ ခပ်ကွေးကွေးဆန့်ထုတ်၍ အကဲစောင့်ကာ အနီးအဝေး ချိန်နေရင်း အားပါသော ညာအောက်ခြေသိမ်း (အောက်ထောက်ရှင်း) ကန်ချက်ကို အချိန်အဆမှန်မှန် ကန်ထည့်လိုက်ရာ ရန်ကြီးအောင် ဖင်ထိုင်ကျသွားသည်။ ရန်ကြီးအောင်၏ညာခြေအမြင့်ကန်ချက်များသည် ကြည့်ကောင်းသည်မှလွဲ၍ တွေ့မရှောင်ကို ယိုင်နဲ့သွားစေလောက်သည့် အားမပါပေ။ တွေ့မရှောင်က အရပ်နိမ့်သည့် တိုက်ခိုက်ရေးသမားတို့ ကျင့်သုံးရမည့် အနီးကပ် တိုးဝင်၍ အထိုးအသွက်များဖြင့် တိုက်ရမည့် ဗျူဟာကို ပိုင်နိုင်စွာ ကျင့်သုံးသည်ကို တွေ့ရသည်။

ဖင်ထိုင်ကျ

တွေ့မရှောက်က ဘယ်ခြေရှေ့ခင်းထားရာမှ ညာအောက် ထောက်ရှင်း

ကန်ချက်ဖြင့် အာရုံပေးလိုက်ပြီး တစ်ဆက်တည်း ဘယ်ခြေတက်၍ ဘယ်တံတောင်ချိုးရိုက်ချက်က ရန်ကြီးအောင် ညာမျက်လုံးအောက်တွင် တစ်လက်မခန့် အလျားလိုက် ကွဲထွက်စေကာ သွေးများယိုစီးကျလာသည်။ ထို့နောက် ရန်ကြီးအောင်က ဘယ်ထောက်လက်သီးသုံးချိန်နှင့် တိုင်ပင်ကိုက် အောက်သိမ်းရိုက်သော တွေ့မရှောင်၏ ညာခြေက အားအပြည့်ပါသောကြောင့် ရန်ကြီးအောင် ဖင်ထိုင်ကျပြန်သည်။

အတင့်ရဲ

ပထမအချီတွင် ၎င်း၏အနီးကပ်တိုးဝင်မှုကို ရန်ကြီးအောင် တားဆီးနိုင်စွမ်းမရှိကြောင်း သိသွားသည့် တွေ့မရှောင်က ပို၍အတင့်ရဲလာပြီး ဘယ်ခြေရှေ့ခင်းလျက်မှ တစ်ဆွေ့ခုန်တိုးဝင် ဘယ်တံတောင်ရိုက်သည်။ ထိုဘယ်တံတောင်ရိုက်ချက်ကို ရန်ကြီးအောင် အာရုံစားလျှင် ညာခြေဖြင့် အောက်ဖြတ်သိမ်းသည်။

ရန်ကြီးအောင်က တွေ့မရှောင်အဝင်ကို နင်းခြေဖြင့် တားသော်လည်း တွေ့မရှောင်က အတည့် ဘေးတစောင်း၊ ဘယ်ဒူးထောင်ကာ၍ ဘယ်ဖြောင့်လက်သီးထိုးသဖြင့် ရန်ကြီးအောင်၏နင်းခြေက ထိရောက်မှုမရှိဘဲ အနီးကပ်ဖွင့်ပေးလိုက်ရပြန်ကာ ဘယ်ညာ ဝိုက်တွဲဖြင့် တိုက်ခိုက်ခြင်းကိုခံရသည်။ ရန်ကြီးအောင်သည် ဆန္ဒစောနေသဖြင့် ၎င်း၏ ဘယ်တံတောင်ရိုက်ချက်များကလည်းစောနေပြီးလက်သီးတွဲလုံးများကလည်း တွေ့မရှောင် မဝင်မီ ကြိုထိုးနှင့်သကဲ့သို့ ဖြစ်ကာ ဝေးနေသည်။

ခြေဖြင့်ခုန်ကန်ခဲ့သော်လည်း...

ရန်ကြီးအောင်(မြို့တော်စည်ပင်)က တွေ့မရှောင် နံကြားကို ညာခြေဖြင့် ဤသို့ ခုန်ကန်ခဲ့သော်လည်း...။
(မြန်မာ့အလင်း)

အမှတ်စဉ်အရေခံရ

သို့ဖြင့် ၎င်းလက်သီး အကုန်၌ တွေ့မရှောင်အားဖြင့်ဝင်ကာဘယ်ညာ တွဲလုံးများကို ဆက်တိုက် ဖိထိုးသည်။ ရန်ကြီးအောင်က တန်ပြန်ထိုးသော်လည်း လက်သီးထွက်နှုန်းနှင့် တိကျအားပါမှုတွင် တွေ့မရှောင်က သာသည့်အတွက် ဒုတိယအချီ မပြည့်မီ ၁၅စက္ကန့် အလိုလောက်တွင် မေးရိုးကို ညာဝိုက်ဖြင့် ဘယ်ဖြောင့်ထိ၍ ရန်ကြီးအောင်အမှတ်စဉ်အရေခံရသည်။ အချီပြီးလုလုတွင်လည်း တွေ့မရှောင်၏ညာအောက်ခြေသိမ်း ကန်ချက်နှင့် ဘယ်ထောက် လက်သီး အတွဲက ရန်ကြီးအောင်ကို လဲကျစေပြန်သည်။ ဒုတိယအချီတွင် ရန်ကြီးအောင်၏ ညာတံတောင်ရိုက်ချက်ကြောင့် တွေ့မရှောင်၏ နားထင်ထက်၌ ကွဲသွားသော်လည်း သွေးစီးကျလောက်အောင် မဖြစ်ခဲ့ပေ။

တတိယအချီ

တတိယအချီတွင် ရန်ကြီးအောင်၏အမြင့်ကန်ချက်က မြင့်လွန်းသည့်အတွက် တွေ့မရှောင်ကို မထိဘဲ ကြိုးတန်းပေါ်ကျော်၍ ငြိနေသည်အထိပင်။ တွေ့မရှောင်က အနီးကပ်တံတောင်ရိုက်ခြင်းမှ ဘယ်ညာတွဲလုံးများ ဖွင့်ထိုးသည့်အဆင့် တက်လာသည်။ ချုပ်မိသည့်အခါ ရန်ကြီးအောင်ကို ဆွဲခါလွှင့်ပစ်လိုက်သည်။ ရန်ကြီးအောင် ပင့်လက်သီးများ၊ ဝိုက်လက်သီးများ ထိုးသော်လည်း တွေ့မရှောင် တုန်လှုပ်စေသည်အထိ မဖြစ်သောကြောင့် တွေ့မရှောင် လက်သီးတွဲဖြင့် လိုက် ဖိပြန်ရာ ဘယ်ဖြောင့် တစ်လုံး မျက်နှာထိ၍ အောက်ခြေမှ စရေလျှင် ဒုတိယ ကြိုးတန်းပေါ်သို့ ဖင်ထိုင်ကျသွားသည်။ တွေ့မရှောင်က ညာသန်ဖြစ်သော်လည်း ၎င်း၏ ဘယ်လက်သီး ထိချက်ကြောင့်ပင် ရန်ကြီးအောင် ကြိုးတန်းပေါ် ငုတ်တုတ် နှစ်ကြိမ်ကျခဲ့သည်။

ရန်ကြီးအောင်က တစ်ဖက်ကြိုးတန်းအနီးမှတစ်ဖက်ကြိုးတန်းသို့ အလျင်အမြန်ဆုတ်သော်လည်း တွေ့မရှောင်က ထက်ကြပ်မကွာ ခုန်လိုက်၍ ဘယ်ညာတွဲလုံးများထိုးခြင်း၊ဘယ်ညာတံတောင်ရိုက်ခြင်းတို့ကြောင့် တွေ့မရှောင်၏ တိုက်စစ်အောက်တွင် ရန်ကြီးအောင် ထိုးကွက်ပျောက်နေသည်။

စတုတ္ထအချီ

စတုတ္ထအချီတွင် ရန်ကြီးအောင်က လက်သီးချင်းယှဉ်ရန် ကြိုးစားကြည့်သေးသော်လည်း သူ၏လက်သီးများကို တွေ့မရှောင် မမှုတော့ဘဲ အရှိုက်ထဲသို့ ညာဖြောင့် ဘယ်ထောင့် ပစ်ထိုးလာသည်။ ရန်ကြီးအောင် အဆုတ်တွင် ဘယ်ဒေါင်ဗလာဒူး ခုန်ပစ်ဝင်လိုက်ပြီး ညာဖြောင့်ထိုးသည်။ ရန်ကြီးအောင် ကြိုးတန်းလှည့်ရင်း ထောင့်ပိတ်မိသွားသဖြင့် မေးရိုးနှင့် အရှိုက်ကို လက်ဖျံတွင် တံတောင် ပူးပြီးလာသောအခါ တွေ့မရှောင်က နံဘေးနှစ်ဖက်ဘယ်ညာဝိုက်တွဲ လေးတွဲခန့်ဆက်တိုက်ထိုးသတ်အဖွင့်၌ ညာဖြောင့်ထိုးသည့် အချိန်တွင်၅၇စက္ကန့်၌ ရန်ကြီးအောင် အနားတောင်းရသည်။

သက်လုံပြိုကျ

ပြန်အတည်တွင် တွေ့မရှောင်က ဘယ်ခြေဖြင့် အတွင်းခတ် ညာခြေဖြင့် အပြင်ခတ်ပြီး ဘယ်ညာ တွဲလုံးလိုက်ထိုးကာ ဘယ်ဒူးတိုက်သည်။ ရန်ကြီးအောင်၏ တန်ပြန်လက်သီးနှင့် ဒူးတိုက်ချက်များက အားမပါတော့ဘဲ သိသိသာသာ ယိုင်နဲ့နေသည်။ တွေ့မရှောင်က ရန်ကြီးအောင် သက်လုံပြိုကျနေမှန်းသိသဖြင့် အရှိုက်နှင့် နံဘေးကို လက်သီးတွဲ ငါးတွဲထက်မနည်း ဖိထိုးနေသည်။

တားဆီးခြင်းမပြုဘဲ

ရန်ကြီးအောင် ကြိုးတန်းအပြင် မျက်နှာလှည့်ကာ ငုတ်တုတ်ဖြစ်နေသဖြင့် ကြိုးဝိုင်းဒိုင်ကဝင်တားရာ ခုံဒိုင်ချုပ်က ကြိုးတန်းကျောလှည့်ခွင့် မရှိသဖြင့် နောက်တစ်ခါ ဤသို့ပြုမူလျှင် တားဆီးခြင်းမပြုဘဲ လွှတ်ပေးရန် ညွှန်ကြားသည်။ စတုတ္ထ အချီပြည့်ခဲ့သော်လည်း ရန်ကြီးအောင် အမှတ်စဉ်ထပ်အရေခံရသေးသည်။

မဟန်နိုင်

ပဉ္စမအချီတွင် ရန်ကြီးအောင် ဟုတ္တိပတ္တိ မခုခံနိုင်တော့ဘဲ တွေ့မရှောင်ကသာ ဘယ်ညာဝိုက်တွဲများ၊ ညာဖြောင့်လက်သီးများဖြင့် ရန်ကြီးအောင်၏နံဘေးနှင့် ဝမ်းဗိုက်ကို ထိုးခြင်း၊ ဘယ်တံတောင်ဆင့်ရိုက်ခြင်း၊ ညာခြေသိမ်းကန်ခြင်းများဖြင့် အတင်းလိုက်၍ ပွဲဖြတ်ရာ ပဉ္စမအချီ ၁မိနစ်၅၉ စက္ကန့်တွင် ရန်ကြီးအောင် မဟန်နိုင်တော့ဘဲ လဲကျ အရှုံးပေးခဲ့ရသည်။

ရပ်ဆိုင်း

တွေ့မရှောင်နှင့် ရန်ကြီးအောင်တို့၏ ပွဲစဉ်(၁၀)က အလဲထိုးဖြင့် ပွဲသိမ်းခဲ့သကဲ့သို့ ပွဲစဉ်(၁)၌ စလုကာ (မိုးသောက်ကြယ်)က နဂါး(မြန်မာသွေးသစ်)ကို ပထမအချီ ၂မိနစ် ၆ စက္ကန့်၌၊ ညာဖြောင့်အလဲထိုးပွဲစဉ်၊ (၂)တွင် လုံးချော(ရက္ခဗျာလ)ကဝင်းထွန်း (အလင်းရောင်)ကို ဒုတိယအချီ ၂မိနစ် ၄၁စက္ကန့်၌၊ ပွဲစဉ်(၃)တွင် လှစ်လှစ်လေး (သူရဲကောင်း)က ဝမ်ချွန်း (မိုးသောက်ကြယ်)ကို တတိယ အချီ ၂မိနစ် ၇စက္ကန့်တွင် ညာဒူးနှင့် ညာဖြောင့်လက်သီးတွဲ၍ အလဲထိုးခဲ့ကြသည်။ ပွဲစဉ်(၄) တွင် ပအိုဝ်လေး (အလင်းရောင်)နှင့် စောကရင် (မိုးသောက်ကြယ်)တို့ သရေပွဲဖြစ်ခဲ့သော်လည်း ပအိုဝ်လေးက အသာစီးသရေဟုဆိုရမည်။ပွဲစဉ်(၅)တွင် စောသဲမင်း (KLN)က ဟိန်းတိုက်အောင်(ရန်ကုန်)ကို ပထမအချီ ၂မိနစ် ၄၇စက္ကန့်၌ ညာဖြောင့်ဖြင့် ပွဲသိမ်းလိုက်သည်။ ပွဲစဉ် (၆)၌ စောအာကာ(KLN)ကို စိန်သံမဏိ(အလင်းရောင်)က တတိယ အချီ ၄၇စက္ကန့်တွင် ဘယ်ညာတွဲလုံးများဖြင့် အလဲထိုးလိုက်သည်။ ပွဲစဉ်(၇)တွင် သားသား (KLN)က သူ့ထက် လူကောင်ကြီး၍ ဝါရင့်သော ကျန်စစ်အောင်(မြို့တော်စည်ပင်)ကို အပြင်း အထန်ရင်ဆိုင် ထိုးသတ်သွားသဖြင့် ပရိသတ်နှစ်သက်သော သရေပွဲဖြစ်ခဲ့သော်လည်း ပွဲစဉ်(၉)မှ ဟိန်းညီညီ မြို့တော်စည်ပင်နှင့် ရှမ်းသွေးလေး (ဒေါင်းမြန်မာ)တို့ပွဲက တတိယ အချီမှစ၍ ပူးချုပ် ဖက်ထားခြင်း၊ အကဲစောင့်ချိန် များခြင်းတို့ကြောင့် ပရိသတ်အော်ဟစ်ကန့်ကွက်ခဲ့ကြသဖြင့် ကြိုးဝိုင်းဒိုင်နှင့်ခုံဒိုင်ချုပ်တို့က ပထမဆုံးအကြိမ် ပြင်းထန်စွာသတိပေးခဲ့သော်လည်း ထိုးပေါက်မပြောင်းနိုင်ကြသဖြင့် စတုတ္ထအချီ မပြီးမီ၌ပင် ခုံဒိုင်ချုပ် ဦးဒေါင်းနီက ပွဲကို ရပ်ဆိုင်းလိုက်သည်။

ရှုံးနိမ့်

ပွဲစဉ်(၉)တွင် မြားတစ်စင်း (ရက္ခဗျာလ)၏ ဘယ်ကန့်လန့်ဒူး နောက်မှလိုက်သော လက်သီးတွဲလုံးများ၊ ချုပ်ဒူးဆင့်တိုက်ခြင်း၊ ခေါင်းဆတ်ရိုက်ခြင်းတို့ကြောင့် ဒိန်း(မြန်မာ့သွေးသစ်) အမှတ်စဉ် အရေခံရပြီး ပထမအချီအတွင်း၌ပင် နောက်ထပ် အမှတ်စဉ် နှစ်ကြိမ် အရေခံရပြန်သဖြင့် လက်ဝှေ့စည်းမျဉ်းအရ ဒိန်း ရှုံးနိမ့်သွားသည်။

ဘတစ်ပြန်ကျားတစ်ပြန်

သားသား(K.L.N)နှင့် ကျန်စစ်အောင် (မြို့တော်စည်ပင်)တို့ ဘတစ်ပြန်ကျားတစ်ပြန် ရင်ဆိုင်ရင်း သားသား လဲကျသွားသော်လည်း ဘယ်ဝိုက်လက်သီး ဤသို့ပစ်သွင်းနိုင်ခဲ့သည်။ (မြန်မာ့အလင်း)

ယနေ့ပွဲများကို ခြုံငုံသုံးသပ်ရလျှင် အလဲထိုးပွဲ ခုနစ်ပွဲ ပါဝင်နေပြီး သရေပွဲနှစ်ပွဲက အကြိတ်အနယ် ရှိလှသည့်အပြင် အဓိက စိန်ခေါ်ပွဲကြီးကလည်း ပရိသတ်မျှော်လင့်ထားသည့်အတိုင်း အလဲထိုးပွဲ ဖြစ်သောကြောင့် ဒိုင်ရပ်ပွဲအား မေ့ထားနိုင်လောက်သည့်ပွဲကြီးပွဲကောင်းဖြစ်သည်ဟု ဆိုရပေတော့မည်။ ။ **(မြန်မာ့အလင်း)**

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၃၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းတွင် ဆုရရှိသော သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ **(အောက်ဝဲပုံ)**

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၄၀ တို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်အခွန်ဦးစီး)**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၅)နှစ် ပြည့်အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း ဥက္ကဋ္ဌက ပွဲတော်ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် အသင်းနာယကများဖြစ်ကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမြို့တော်ဝန်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ဒုတိယမြို့တော်ဝန်၏ ဇနီး ဒေါ်ခင်ညွှန့်မြိုင်နှင့်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီတို့က အထိမ်းအမှတ်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပွဲတော်အတွင်း ပြသထားသည့်ပြခန်းများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အထိမ်းအမှတ် ပွဲတော်ကို ဖေဖော်ဝါရီ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယမန်နေ့နံနက်ပိုင်းတွင် သစ်သီးဝလံပန်းမန်ပြိုင်ပွဲ၊ ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ မြေယာရှုခင်းပြိုင်ပွဲ ၊ ကလေးပန်းချီပြိုင်ပွဲနှင့် စာတမ်းဖတ်ပွဲတို့ကို ကျင်းပသည်။

စာတမ်းဖတ်ပွဲ

ဇန်နဝါရီ၃၁ရက်တွင် စာတမ်းဖတ်ပွဲ၊ ပန်းအလှပြုပြင်ခြင်း သရုပ်ပြပွဲနှင့် သစ်သီးပုံဖော်ခြင်းသရုပ်ပြပွဲ ၊ ဖေဖော်ဝါရီ ၁ရက်တွင် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ၊ ဖေဖော်ဝါရီ ၂ရက် ညနေ ၆နာရီတွင် ပရီမီယာကော်ဖီမစ်၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ပန်းအလှကေရီမယ်ပြိုင်ပွဲနှင့် ဖေဖော်ဝါရီ ၃ရက်တွင် ဆုပေးပွဲအစီအစဉ်များကို ကျင်းပသွားမည်ဖြစ်သည်။

ပျော်ပွဲရှင်ပွဲ

ယင်းပွဲတော်တွင် မျက်လှည့်ဖျော်ဖြေပွဲ၊ စင်တင်တေးဂီတနှင့်ဖက်ရှင်ပြပွဲ၊ ပျော်ပွဲရှင်ပွဲများ၊ လျှပ်တစ်ပြက်ဓာတ်ပုံပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ၊ကံစမ်းမဲအစီအစဉ်များနှင့် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ အဝတ်အထည်နှင့်လူသုံးကုန်များ၊ တိုင်းရင်းဆေးဝါးများကို ရောင်းချပေးမည့် ဈေးရောင်းပွဲတော်တို့ကိုလည်း နေ့စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောင်းကျန်းမာရေး စစ်ဆေး

ဇန်နဝါရီ၁၉ရက်က ရန်ကုန်တိုင်း မိခင်နှင့်ကလေးကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီနှင့်အဖွဲ့ ခရိုင်အဆင့် ကျောင်းကျန်းမာရေး စံပြကျောင်း ရွေးချယ်ရန် မြို့နယ်အဆင့် စံပြကျောင်းဖြစ်သော ကျောက်တံတားမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းကျန်းမာရေး လုပ်ငန်းများ စစ်ဆေးမေးမြန်းစဉ်။

(ပညာရေး)

မီးဘေးရှောင် မလောင်ခင်တား

ညီနောင်သွေးချင်းများ

ကျေးလက်ရေပေးရေး ဆောင်ရွက်မှုစစ်ဆေး

ချောင်းဦး ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်သည် ချောင်းဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ထားရှိသည့် ကျေးလက်ရေပေးရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဖြစ်သည့် ငါးယုန်ကျေးရွာစက်ရေတွင်း အင်ဂျင်၊ လေမှုတ်စက်ပြုပြင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ၂၄နှစ်ဆက်တိုက် ရက်မပျက်ဆုရ အလယ်တန်းပြဆရာမ ဒေါ်တင်မာဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးတင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲ မြောက်ဥက္ကလာပ အလက(၃)၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းတို့ပူးပေါင်း၍ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် တာဝန်ခံဆရာကြီး ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်နိုင်က ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။ အဆိုပါ ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲအခမ်းအနားသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၂၅ဦးတို့ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်သာယာ၌ အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်(အမျိုးသားအလွတ်တန်း)ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ရက် ညနေ ၃နာရီက အမှတ်(၇)ရပ်ကွက် လှိုင်ရတနာထွန်းခန်းမရှေ့ ဘော်လီဘောအားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးခင်သိန်းမောင် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။**(ဝဲပုံ)**

ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တပ်မတော် ဘော်လီဘောကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစောဝင်းသောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးဝင်းမြင့်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် ပထမပွဲစဉ်အဖြစ် လွမ်းပိုဘော်လီဘောအသင်းနှင့်ညောင်တုံးဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လွမ်းပိုအသင်းမှ ညောင်တုံးအသင်းအား သုံးပွဲနှစ်ပွဲဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ **(ဇေ၇)**

ပန်းတောင်းမြို့နယ်၌ ပန်းစွယ်တော် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပန်းတောင်း ဇန်နဝါရီ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် စွယ်တော်ကျေးရွာအုပ်စု စွယ်တော်စံပြကျေးရွာ ပန်းစွယ်တော်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းမြင့်နှင့် စွယ်တော်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမျိုးဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လက်ခံယူ

ဆက်လက်၍ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမျိုးဦးက စာကြည့်တိုက်တည်ထောင်ရခြင်းအကြောင်းကို ပြောကြားပြီး အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အကုန်အကျခံ

အဆိုပါ ပန်းစွယ်တော်စာကြည့်တိုက်သည် အလျား ၂၁ ပေ၊ အနံ ၁၅ ပေ၊ သွပ်မိုး အုတ်ညှပ် တစ်ထပ်တိုက်ဖြစ်ပြီး ငွေကျပ် ၂၇ သိန်းကျော်ဖြင့် အကုန်အကျခံကာ ဆောင်ရွက်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၁၆ရက်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဈေးသူဈေးသားများနှင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ (မြို့နယ်စည်ပင်)

ကောက်စိုက်စက်ဖြင့် ကောက်စိုက်နည်း လက်တွေ့သရုပ်ပြ

သီပေါ ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကောက်စိုက်စက်ဖြင့် ကောက်စိုက်နည်းသရုပ်ပြပွဲကို ဇန်နဝါရီ ဖရက် နံနက် ၁၀နာရီက ရွာသစ်ကျေးရွာ ကွင်းအမှတ် ၁၃၇ အကျဉ်းဦးစီးဌာနပိုင် လယ်မြေ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သိန်း၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမောင်မောင်ထွန်း၊ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်သန်းနှင့် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ သီပေါ၊ ကျောက်မဲနှင့် နောင်ချိုမြို့နယ်များမှ တောင်သူလယ်သမား ၁၅၀ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်သန်းတို့က လူလုပ်အားဖြင့် စိုက်ပျိုးခြင်းထက် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၏ အကျိုးသက်ရောက်မှုများကို ရှင်းလင်းတင်ပြသည်။

လက်တွေ့ပြသ

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန (ကျောက်မဲ) ဦးစီးမှူး ဦးဝင်းမျိုးအောင်နှင့် ဝန်ထမ်းများက ကောက်စိုက်စက်ဖြင့် ကောက်စိုက်နည်းများကို လက်တွေ့ပြသသည်။ **(ဝဲပုံ)**

(ဝ၂ဝ)

သာစည် ယင်းမာပင်ကျေးရွာ၌ မီးဘေးကာကွယ်ရေးဟောပြော

သာစည် ဇန်နဝါရီ ၂၂

သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ မြန်မာ့သစ်လုပ်ငန်းအမှတ်(၅၉)သစ်စက်တွင် ဇန်နဝါရီ ၁၀ရက် နံနက် ၁၀နာရီက သာစည်မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းနှင့် စက်ရုံဝန်ထမ်းများ၊ စက်ရုံ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို အဆိုပါစက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

ထို့နောက် မြို့နယ် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက စက်ရုံအတွင်း လောင်စာဆီနှင့် သစ်လုံး၊ သစ်ခွဲသားများထားရှိမှု၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၅၉) သစ်စက် လက်ထောက်မန်နေဂျာ/ရောင်း/စက်ဦးမြမောင်က ရှင်းလင်းပြောကြားသည်။

ပူးပေါင်းလေ့ကျင့်

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့်လက်ထောက်မန်နေဂျာ/ရောင်း/စက်ဦးမြမောင်တို့က မီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့်မီးလောင်မှုဖြစ်ပွားပါက လက်ဦးမှုရယူငြိမ်းသတ်နိုင်ရေးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ယင်းမာပင်ကျေးရွာအုပ်စု အရန် မီးသတ်တပ်ခွဲမှူး အောင်မျိုးဦးနှင့် တပ်ဖွဲ့ဝင်များက အပေါ့စားမီးသတ်စက်ဖြင့် လက်တွေ့ မီးငြိမ်းသတ်နည်း၊ ခေတ်မီ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို ပူးပေါင်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အကြိမ်(၁၀၀)ပြည့် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ အလံပြဘုရားလမ်း ယုဇနဂါးဒင်းဟိုတယ်မှ ကြီးကြပ်ရေးမှူး လူမှုထူးချွန်(ပထမဆင့်) ဦးခင်မောင်ညွန့် **(အပေါ်ပုံ)** သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်းသည်။**(မြန်မာ့အလင်း)**

အမြို့မြို့အနယ်နယ် သတင်းများ

ဇန်နဝါရီ ၃ရက်က ဖြူးမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသော ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲတွင် စတုတ္ထတန်းဘာသာစုံထူးချွန်ဆုရ မစုမြတ်နိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က ဆုချီးမြှင့်စဉ်။ (ဝ၅၁)

ကမမောင်းမြို့ မြို့မဈေးကြီးအတွင်း သန့်ရှင်းသပ်ရပ်ပြီး စနစ်တကျ သားငါးရောင်းချစေရေး ယင်လုံဆန်ခါ တပ်ဆင်ရောင်းချမှုကို ကမမောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တာဝန်ခံ ဦးကိုကိုနိုင် ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရွှေတောင် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

ရွှေတောင် ဇန်နဝါရီ ၂၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၏ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လုပ်ငန်းခွင်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စီမံချက်များအရ ပဲခူးတိုင်း မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် ဦးလှမြင့်၊ ပြည်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ရွှေထွန်းနှင့်အတူ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမိုးကျော်နှင့်တပ်ဖွဲ့ဝင်များ ပါဝင်ပူးပေါင်းအဖွဲ့ဖြင့် ဇန်နဝါရီ ၁၃ ရက်က သွားရောက်စစ်ဆေးကာ ဒုတိယစက်ရုံမှူး (စီမံခန့်ခွဲရေး) ဦးသန့်ဇင်ဝင်းနှင့် တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး၊ထိန်းချုပ်ရေးစခန်း၊ရေရရှိရေး စီမံဆောင်ရွက်ထားရှိမှုနှင့် မီးသတ်ပစ္စည်းကိရိယာ ကိုင်တွယ်အသုံးပြုနည်းများ စစ်ဆေးအကြံပြုကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ဝက်လက်၌ ကျေးရွာချင်းဆက်လမ်းပြုပြင်ဆောင်ရွက်

ဝက်လက် ဇန်နဝါရီ ၁၂

ဝက်လက်မြို့နယ် သခွတ္တောကျေးရွာနှင့် ကျီးပင်ကန်ကျေးရွာ ကျေးရွာချင်းဆက်မြေသားလမ်းပြုပြင်ဆောင်ရွက်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက အဆိုပါလမ်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့မိမြို့ဖဦးဘမြင့်၊ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျီးပင်ကန်ဥက္ကဋ္ဌ ဦးချစ်ငြိမ်း၊ သခွတ္တောဥက္ကဋ္ဌ ဦးစန်းဇော်နှင့် ပြည်သူတို့ ပါဝင်ပြုပြင်ဆောင်ရွက်ကြပြီး မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့က လမ်းပြုပြင်မှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးကြောင်း သိရသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၂၄၂၀၊ အကျယ်၁၂ပေ၊အမြင့်တစ်ပေရှိပြီး မြေသားလမ်းမှ ကျောက်ချောလမ်းဖြစ်မြောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

မကွေးစည်ပင် ကျေးရွာချင်းဆက် ကျောက်စရစ်လမ်းဖောက်

မကွေး ဇန်နဝါရီ ၂၂

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မကျီးကန်ကျေးရွာ၊ သင်ကြားရေးဆေးရုံနှင့် ကန်လှကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၂ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အတွက် ရတနာပစ္စည်းများနှင့် အထက်ဌာပနာတော်ပစ္စည်းများပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်၌တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဇန်နဝါရီ ၁၉ရက်မှစ၍ ဖေဖော်ဝါရီ ၂ရက်အထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ရင်ငွေ့လှုံကိန်းဝပ် ပူဇော်ခံလျက်ရှိပါသည်။

အလားတူ ဖေဖော်ဝါရီ ၄ရက်မှစတင်၍ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် မြတ်ကြီး၌ ရင်ငွေ့လှုံကိန်းဝပ် ပူဇော်ခံမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၈ရက်မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါ သည်။

ပူဇော်လှူဒါန်းလိုသူအလှူရှင်များသည် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ရင်ငွေ့လှုံကိန်းဝပ်ပူဇော်ခံနေစဉ် ထည့်သွင်းပူဇော်လိုသော ရတနာပစ္စည်းများကို အဆိုပါနေရာဌာနရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အဖွဲ့ဝင်များထံ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ အပူဇော်ခံထားရှိသည့်အချိန်တွင် ပန်းထိမ်အဖွဲ့များပါ တစ်ပါတည်းထားရှိပေးမည်ဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တွင် ထည့်သွင်း ပူဇော်လိုသည့်ပစ္စည်းများအား လာရောက်ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

၂၀၀၉ခုနှစ် မတ်လ၌ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ် ရွှေကြာသကၤန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ရာ အထက်ဌာပနာတော်၌ ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင်၊ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ဌာပနာပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ပဲခူးတိုင်း မင်းလှအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၈ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် တက္ကသိုလ်များဓမ္မာရုံ တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အသက် ၇၅နှစ် နှင့်အထက် သက်ကြီးအပူဇော်ခံမည့် ပုဂ္ဂိုလ်များ၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသူ ကျောင်းသားများ ဖေဖော်ဝါရီ ၆ရက် နောက်ဆုံးထား၍ ဒေါက်တာလှမောင်(ဥက္ကဋ္ဌ)ဖုန်း- ၅၃၇၅၀၅၊ ဦးမျိုးညွန့်(ဒုတိယဥက္ကဋ္ဌ) ဖုန်း- ၅၀၅၇၁၂၊ ဦးဖုန်းတင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၂၂၄၆၅၉၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇၊ ဒေါ်ရင်သန်း ဖုန်း-၅၇၁၇၃၁၊ ဦးသန်းစိုး ဖုန်း-၅၁၈၂၅၄၊ ဦးတင်အောင် ဖုန်း-၅၂၆၇၃၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် မင်းလှမြို့နယ်အသင်းဝင်များနှင့် မင်းလှသူ မင်းလှသားများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မရမ်းကုန်းစာပေနှင့် စာနယ်ဇင်းအဖွဲ့ ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟို၏လမ်းညွှန်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုတို့ဖြင့် မရမ်းကုန်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီက မြို့နယ်ရည်ညွှန်းစာကြည့်တိုက်တွင် ရေးသူဖတ်သူစာပေဆွေးနွေးပွဲကို ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးကျော်စိုး (မောင်ကျေးဖူး)က အဖွင့်အမှာစကားပြောကြားသည်။ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်(မိုးခင်ဇော်-မရမ်းကုန်း)က အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရ ဒေါ်တင်တင်စိန်၊ မောင်မြင့်အောင်၊ သုဝဏ္ဏကျော်စိန်တို့က စာပေရေးရာများ ဟောပြောဆွေးနွေးကြသည်။ **(၁၁၁)**

ဆုချီးမြှင့်

ဇန်နဝါရီ ၃၁ရက်က လှိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၈ ခုနှစ် ဦးမောင်မောင်(ရွှေစံအိမ်) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို အထက(၁) လှိုင်၌ကျင်းပရာ စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသော ကျောင်းသူ ကျောင်းသား များအား ဆုချီးမြှင့်စဉ်။ (၁၂၈)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဝက်စ်ဟမ်းကွင်းလယ်ကစားသမားဖော်ဘတ်အား ရီးရဲက အငှားစာချုပ်ဖြင့်ခေါ်ယူရေးနီးစပ်

လန်ဒန် ဇန်နဝါရီ ၃၁

ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ဂျူလီယန်ဖော်ဘတ်အား စပိန်ထိပ်သီး ရီးရဲမက်ဒရစ်က အငှားစာချုပ်ဖြင့် ဆက်သွယ်ခေါ်ယူရေးမှာ နီးစပ်လာပြီဟုဆိုသည်။

ပြောင်းခွင့်ရ

ပြင်သစ်ကွင်းလယ်ကစားသမား ဖော်ဘတ်သည် ယခုရာသီ၌ အသင်းတွင် ပထမပွဲထွက် လူစာရင်း၌ ပါဝင်နိုင်ရန် ရုန်းကန်နေရပြီးနောက် ရီးရဲမက်ဒရစ်သို့ အငှားစာချုပ်ဖြင့် ပြောင်းခွင့်ရခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ယခုဘောလုံးရာသီအကုန်တွင် ဖော်ဘတ်အား ခေါ်ယူနိုင်ခွင့်နှင့်အတူ အငှားစာချုပ် ခေါ်ယူခြင်းအတွက် ပြောင်းရွှေ့ကြေး ပေါင်တစ်သန်းခွဲ ဝက်စ်ဟမ်းအသင်းအား ပေးရမည်ဖြစ်သည်။ အသက် ၂၅နှစ်ရှိ ဖော်ဘတ်သည် ၂၀၀၇ခုနှစ်က ဘော်နီအသင်းမှ ပေါင်ဖဒသမသသန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ သို့သော်လည်း ဘတ်သည် ခြေဖနောင့်ဒဏ်ရာရရှိခဲ့သဖြင့် ၂၀၀၈ခုနှစ် ဇန်နဝါရီလတိုင်အောင် အနားယူခဲ့ရသူဖြစ်သည်။ **(အင်တာနက်)**

ဒဏ်ရာရ စပါးတိုက်စစ်မှူး ဒီဖိုး တစ်လခန့်အနားယူရဖွယ်

လန်ဒန် ဇန်နဝါရီ ၃၁

စပါးတိုက်စစ်မှူး ဂျာမိန်းဒီဖိုးသည် ဇန်နဝါရီ၃၀ရက်က လေ့ကျင့်ကွင်းဆင်းစဉ် ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် စပါးအသင်းအနေဖြင့် အဓိကတိုက်စစ်မှူး ဒီဖိုးမပါဘဲ သီတင်းပတ်များစွာကစားရဖွယ်ရှိသည်ဟု သတင်း၌ဖော်ပြသည်။

အသက်၂၆နှစ်ရှိ ဒီဖိုးသည် ယခုလ စောစောပိုင်းက ပို့စ်မောက်အသင်းမှ စပါးသို့ပြန်လည်ရောက်ရှိပြီးကတည်းက သုံးပွဲကစားရာတွင် သုံးဂိုးသွင်းယူပေးထားခဲ့သူဖြစ်သည်။

မျှော်လင့်

ဒီဖိုးသာ ခြေထောက်ဒဏ်ရာကို ကုသမှုခံယူနေရကြောင်း၊ သို့သော်လည်း ၎င်းသည် တစ်လထက်ပို၍ အနားယူရဖွယ်မရှိဟု အသင်းအနေဖြင့် မျှော်လင့်ကြောင်း စပါးအသင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ စပါးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်ဇယားတွင် အဆင့်(-၁၃)၌ ရပ်တည်နေသော်လည်း အောက်ခြေသုံးသင်းထက် သုံးမှတ်သာ ပိုများသည်။

ဒီဖိုးသာ တစ်လအနားယူခဲ့ရပါက ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဘော်လ်တန်၊ အာဆင်နယ်နှင့် ဟူးလ်စီးတီးတို့နှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲများနှင့် ယူအီးအက်ဖ်အေပွဲစဉ်အဖြစ် ရှက်တာဒိုးနက်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည့်ပွဲစဉ်များနှင့် လွဲချော်မည်ဖြစ်သည်။

(အင်တာနက်)

ဂရင်းဆလမ်းဖလား ၁၄လုံးမြောက်ရယူရေး ဩစတြေးလျအိုးပင်း၌ ဖက်ဒဲယား အစွမ်းကုန်ကြိုးစားမည်

လန်ဒန် ဇန်နဝါရီ ၃၁

တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲယားသည် ဖေဖော်ဝါရီ၁ရက်(ယနေ့)တွင် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ရာဖေးလ်နာဒယ်နှင့် ယှဉ်ပြိုင်ကစားရမည့် နောက်ဆုံးဗိုလ်လုပွဲတွင် ဂရင်းဆလမ်းဖလားကို ယခင်စံချိန်တင် ရယူထားသူအား အမီလိုက်ကာ စံချိန်အညီ တင်နိုင်ရေးအတွက် အနိုင်ရရှိရန် အစွမ်းကုန် ကြိုးစားလိမ့်မည် ဖြစ်သည်။

ကမ္ဘာ့အဆင့်(၂)ရှိ ကမ္ဘာ့ကျော်တင်းနစ်သမား ဖက်ဒဲယားသည် မဲလ်ဘုန်းမြို့၌ စပိန်နိုင်ငံသား နာဒယ်အား အနိုင်ရရှိခဲ့ပါက အဓိကတင်းနစ် ဖလားကြီး၁၄လုံးကို ရယူထားသူ ပီဟီဆမ်ပရက်စ်၏ စံချိန်ကို မီမည်ဖြစ်သည်။

ကြိုးစားမည်

ကမ္ဘာ့အဆင့်(၁)တင်းနစ်သမား နာဒယ်သည်လည်း ၎င်း၏ ဆဋ္ဌမမြောက် ဂရင်းဆလမ်းဖလားဖြစ်လာမည်ဖြစ်ပြီး ဩစတြေးလျတွင် ပထမဦးဆုံးနှင့် မြေမာ၌ ပထမဆုံးကစားခဲ့သောပွဲဖြစ်သည့် ယခုပွဲစဉ်တွင် အနိုင်ရရှိရေးကို ကြိုးစားသွားမည်ဖြစ်သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ချယ်လ်ဆီးက ခေါ်ယူလိုက်သည့် ဂိုခမ်တိုရေး

❖ မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၃၁

ဇန်နဝါရီလအပြောင်းအရွှေ့ဈေးကွက်အပိတ်မှာ ချယ်လ်ဆီးရဲ့လှုပ်ရှားမှုကတော့ လေဗာကူဆင်အသင်းက ကွင်းလယ်တိုက်စစ်မှူး ဂိုခမ်တိုရေးကို ခေါ်ယူစာချုပ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ခေါ်ယူ

သက်ကြီးပိုင်းကို ခြေလှမ်းစပြုနေပြီဖြစ်တဲ့ ချယ်လ်ဆီးကွင်းလယ်ကစားသမားတွေရဲ့အားကို နုပျိုလန်းဆန်းတဲ့ သွေးသစ်လောင်းတဲ့အနေနဲ့ တူရကီနဲ့ဘေယာလေဗာကူဆင် ကွင်းလယ်ကစားသမား အသက် ၁၇နှစ်သာ ရှိသေးတဲ့ ဂိုခမ်တိုရေးကို နည်းပြစကိုလာရီက ခေါ်ယူလိုက်ခြင်း ဖြစ်ပါတယ်။

ဂိုခမ်တိုရေးကို အခုလို ခေါ်ယူခြင်းဟာ ချယ်လ်ဆီးကွင်းလယ်မှာ ဝါရင့်သမ္မာရင့်ကစားသမားတွေဖြစ်တဲ့ လမ်းပတ်၊ အက်ဆီယံ၊ ဘောလက်တို့ အသက်တွေ ၃၀ နီးပါးဖြစ်လာကြတာမို့ မဖြစ်မနေ လူငယ်တွေကို တွဲဖက်ကစားရမယ့် အခြေအနေရောက်ရှိလာလို့ ဖြစ်ပါတယ်။

ထိန်းချုပ်စိုးမိုး

ချယ်လ်ဆီးကွင်းလယ်ဟာ နည်းပြဟောင်း မော်ရင်ဟိုလက်ထက်မှာ အကောင်းဆုံးကွင်းလယ်အဖြစ်ရပ်တည်နိုင်ခဲ့ပြီး ချယ်လ်ဆီးရဲ့ တိုက်စစ်ကို အများအားဖြင့် ကွင်းလယ်ကသာ စတင်ခဲ့တာ များခဲ့ပါတယ်။ ကွင်းလယ်ကစားကွက်ကို အားပြုကစားခဲ့ပြီး ကွင်းလယ်ကို ထိန်းချုပ်စိုးမိုးကာ တစ်ဖက်အသင်းမလှုပ်နိုင်အောင် ကစားနိုင်ခဲ့တာမို့ ချယ်လ်ဆီးနိုင်ပွဲတွေများခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အခုအချိန်မှာ တောင့်တင်းမှု လျော့ရဲနေပြီဖြစ်တဲ့ ချယ်လ်ဆီးကွင်းလယ်ဟာ ခြေစွမ်းမပြောင်မြောက်တော့တဲ့အတွက် တကယ်တမ်း ကွင်းလယ်ကစားအားကောင်းတဲ့ အသင်းတွေနဲ့ဆုံတိုင်း သရေပွဲနဲ့ ရှုံးပွဲတွေချည်း တိုးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကွင်းလယ်ကစားအားကို သွေးသစ်လောင်းဖို့အတွက် တူရကီကွင်းလယ်တိုက်စစ်မှူး ဂိုခမ်တိုရေးကို အမြန်ခေါ်ယူလိုက်ခြင်းဖြစ်ပါတယ်။

စိတ်ချရသူ

ဂိုခမ်တိုရေးဆိုတဲ့ ချာတိတ်ကလည်း အသက် ၁၀နှစ်အရွယ်ကတည်းက ဘေယာလေဗာကူဆင်လူငယ်အသင်းကို ရောက်ရှိခဲ့ပြီး လူငယ်အသင်းမှာ ပါဝင်ကစားခဲ့ပါတယ်။ သူဟာ အရွယ်နဲ့မလိုက်အောင် ကွင်းလယ်ရော တိုက်စစ်အပိုင်းမှာပါ စိတ်ချရသူဖြစ်တာမို့ ဘေယာလေဗာကူဆင် အသင်းကြီးမှာ ကစားခွင့်ရခဲ့သူ ဖြစ်ပါတယ်။

ချယ်လ်ဆီးကလပ်ဟာ ဂိုခမ်တိုရေးကို ၂၀၁၂ ခုနှစ်အထိ စာချုပ်ခဲ့ပြီး ချယ်လ်ဆီးအသင်းကြီးမှာ အချိန်တိုအတွင်း ပါဝင်နိုင်အောင် စမ်းသပ်ပွဲထုတ်သွားမှာ ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ॥ **ကိုးကား-အင်တာနက်**

ဗြိတိသျှ ဝယ်လ်တာဝိတ် ချန်ပီယံဘရွတ်ခ် ပြိုင်ဘက်အီဝဲလ်အား အနိုင်ယူပြီး ခါးပတ်ကာကွယ်

လန်ဒန် ဇန်နဝါရီ ၃၁

ဗြိတိသျှဝယ်လ်တာဝိတ် ချန်ပီယံ ကယ်လ်ဘရွတ်ခ်သည် လန်ဒန်မြို့ ဘက်သ်နယ်ဂရိန်းဒေသရှိ ယောက်ဟောလ်ခန်းမ၌ ပြိုင်ဘက်လက်ဝှေ့သမား စတူးဝပ်အီဝဲလ်အား ဒုတိယအချီတွင် အနိုင်ထိုးသတ်ပြီး ၎င်း၏ ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။

ဘရွတ်ခ်သည် ညာဝိုက်လက်သီးဖြင့် ပြိုင်ဘက်၏ ချက်ကောင်းကိုထိုးပြီးနောက် ဒိုင်လူကြီး မားကတ်စ်မက်ဒွန်နယ်လ်က ပြိုင်ပွဲအားမရပ်မီ ပထမအချီမှာပင် အီဝဲလ်အား နှစ်ကြိမ်အလဲထိုးနိုင်ခဲ့သည်။

အသက်၂၂နှစ်ရှိ ရှက်ဖီးလက်ဝှေ့သမား ဘရွတ်ခ်အဖို့ ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် သရဖူကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

၁၃၇၀ ပြည့်နှစ် တပို့တွဲလဆန်း (၆)ရက် စနေနေ့ (၃၁-၁-၂၀၀၉)ရက်နေ့တွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ကျွန်တော် ကျွန်မတို့၏ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားမင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အကြီးအကဲမိသားစုနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ ဝိုင်းဝန်းကူညီကြပါသော မိတ်ဆွေသူငယ်ချင်းများအားလုံးတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့်
ဗိုလ်ကြီးဟန်ဝင်းအောင်+မယဉ်သူဇာသိန်း

အမည်မှန်
နိုင်ငံသားမှတ်ပုံတင် အမှတ် ၁၀/သထန(နိုင်)၂၀၆၁၀၈ ကိုင်ဆောင်ထားသူ၏ အမည်မှန်မှာ မချိုချိုမြင့်ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးဘာလာ ၁၀/သထန(နိုင်)၀၉၀၅၃၀ ဖြစ်ပါကြောင်း။ **ဦးဘာလာ။**

RHYTHM (ရစ်သမ်)ချောင်းသာ
တည်းခိုခန်းနှင့် စားသောက်ဆိုင်
စား+တည်းငြိမ်း (တစ်ရက် ကျပ် ၆၀၀၀)
ကားခ အသွား+အပြန်
ကျပ် ၇၀၀၀ နှုန်းဖြင့် စီစဉ်ပေးသည်။
ဖုန်း-၀၉-၅၀-၁၆၉၂၀၊ ၀၄၂-၄၂၁၁၅။



သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပို့ဆောင်ရေးနှင့် လယ်ယာ/ဆည်မြောင်းတို့ နိုင်ပွဲရပြီး အဆင့်တက်လာကြသည့်

မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေး ဘောလုံးပြိုင်ပွဲ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် — စာမျက်နှာဖွဲ့စည်းမှု ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၃၁

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံး ပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ အနိုင်ရသွားပါတယ်။

သုဝဏ္ဏကွင်း

ပို့ဆောင်ရေး- တစ်ဂိုး
သစ်တောရေးရာ- ဂိုးမရှိ

နောက်ဆုံးနှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ထားကြတဲ့ ပို့ဆောင်ရေးနဲ့ သစ်တောရေးရာအသင်းတို့ တွေ့ဆုံကြတာဖြစ်ပြီး ကြည်လင်းရဲ့ တစ်လုံးတည်းသောအနိုင်ဂိုးနဲ့ ပို့ဆောင်ရေးတို့ နိုင်ပွဲပြန်လည်ရရှိသွားပါတယ်။ ပြိုင်ပွဲအစတုန်းက ရလဒ်ကောင်းတွေ ဆက်တိုက်ရရှိပြီး ဇယားထိပ်ဆုံးနေရာကိုပင် ဦးဆောင်ခဲ့ဖူးတဲ့ သစ်တောရေးရာအသင်းကတော့ ရလဒ်တွေဆက်တိုက် ကျဆင်းနေပြီး သုံးပွဲဆက်အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

သွင်းယူခဲ့

နိုင်ပွဲပြန်ရဖို့ နှစ်သင်းစလုံး ကြိုးစားကစားတာကြောင့် ပွဲစကတည်းက အပြန်အလှန်ရှိခဲ့ပါတယ်။ လက်ရွေးစင်ဟောင်း တိုက်စစ်မှူး ထွန်းမင်းဦး မပါဝင်တဲ့ သစ်တောတိုက်စစ်ဟာ ဒီပွဲမှာ ဂိုးရဖို့ ရုန်းကန်ခဲ့ရပါတယ်။ ဆောက်လုပ်ရေးအသင်းကို နောက်ဆုံးမိနစ်ဂိုးနဲ့ အရှုံးပေးခဲ့ရတဲ့ ပို့ဆောင်ရေးအသင်းဟာ အခုပွဲမှာ ပြည့်ဖြိုးဦး၊ ကျော်ဇေယျာမင်း၊ ဝင်းမင်းထွဋ်၊ ထက်အောင်တို့နဲ့ လူစုံနီးပါးပွဲထုတ်ကာ ရင်ဆိုင်ခဲ့ပါတယ်။ ပို့ဆောင်ရေးအတွက် အနိုင်ဂိုးကိုတော့ မိနစ်၄၀မှာ ကြည်လင်းက သွင်းယူခဲ့တာပါ။

ဒုတိယပိုင်းမှာတော့ သစ်တော ရေးရာအသင်းဟာ ချေပဂိုးရဖို့ တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ မိနစ် ၅၀မှာ နိုင်နိုင်လင်း သေချာပေါက် ဂိုးသွင်းခွင့်ရပေမယ့် ဘေးထွက်သွားလို့ သစ်တော နစ်နာခဲ့ရပါတယ်။ ဆက်တိုက်ဆိုသလို ဖိကစားခဲ့တဲ့ သစ်တောရေးရာအသင်းဟာ ပွဲပြီးခါနီးမှာ ပယ်နယ်တီ ကန်ခွင့်ရပေမယ့် လွဲချော်ခဲ့တာကတော့ ကံဆိုးသွားခဲ့ပါတယ်။ ၈၃မိနစ်မှာ သစ်တောတိုက်စစ်မှူး ခိုင်ဇော်ထွန်းကို ပို့ဆောင်ရေးနောက်ခံလူ ကျော်ဇေယျာမင်း အဖျက်ကြမ်းလို့ ပယ်နယ်တီရခဲ့တာဖြစ်ပြီး ဇော်မင်းထွန်းကန်သွင်းပေမယ့် ဂိုးဘားပေါ်ကျော်သွားတာ ဖြစ်ပါတယ်။ အဲဒီ ပယ်နယ်တီ မဝင်ခဲ့တာကြောင့် သစ်တောရေးရာအသင်းဟာ သရေတစ်မှတ် လွဲချော်ခဲ့ပါတယ်။

အနိုင်ရခဲ့တဲ့ ပို့ဆောင်ရေးအသင်းဟာ ရှစ်ပွဲ၁၂မှတ်နဲ့ အဆင့်ငါးနေရာအထိ တက်လာခဲ့ပေမယ့် သစ်တောရေးရာကတော့ ရှစ်ပွဲ ကိုးမှတ်နဲ့ အဆင့်ကိုးအထိ ကျသွားခဲ့ပါတယ်။

အောင်ဆန်းကွင်း

လယ်ယာ/ဆည်မြောင်း- တစ်ဂိုး
မြို့တော်စည်ပင်- ဂိုးမရှိ

လယ်ယာ/ဆည်မြောင်းအသင်းဟာ ၄၉မိနစ်မှာ သွင်းယူခဲ့တဲ့ မျိုးနိုင်ရဲ့ ဂိုးနဲ့ စတုတ္ထမြောက်နိုင်ပွဲ ရရှိသွားခဲ့ပါတယ်။ မြို့တော်စည်ပင် အသင်းကတော့ နိုင်ပွဲပျောက်ဆဲဖြစ်ပြီး လေးမှတ်နဲ့ တန်းဆင်းဇုန်ထဲက ရုန်းမထွက်နိုင်သေးပါဘူး။ လယ်ယာ/ဆည်မြောင်းအသင်းဟာ ရှစ်ပွဲကစား ၁၂မှတ်နဲ့ အဆင့်ခြောက်နေရာအထိ ရောက်လာပါတယ်။

၂-၂-၂၀၀၉ရက်

အောင်ဆန်းကွင်း

စွမ်းအင် - စီးပွား/ကူးသန်း

သုဝဏ္ဏကွင်း

ဆောက်လုပ်ရေး - ကာကွယ်ရေးဝန်ကြီးဌာန

(မြန်မာ့အလင်း)

သစ်တောရေးရာမှ ခိုင်ဇော်ထွန်း၏ ထိုးဖောက်မှုကို ပို့ဆောင်ရေးနောက်ခံလူ ကျော်ဇေယျာမင်း ဟန့်တားစဉ်။ (မြန်မာ့အလင်း)

Golf Masters မဂ္ဂဇင်း ဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေး၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

Han Golf Masters Pte., Ltd. က စီစဉ်သော Golf Masters မဂ္ဂဇင်း ဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၀၉ (Golf Masters Magazine Reader's Tournament 2009) ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်း

ယင်းပြိုင်ပွဲကို Golf Masters မဂ္ဂဇင်းဖတ်ရှုသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြပြီး ယှဉ်ပြိုင်မည့် အားကစားသမားများသည် ပြိုင်ပွဲဝင်ခွင့် ပုံစံနှင့်အတူ ဖေဖော်ဝါရီ ၁၂ရက်ထက် နောက်မကျစေဘဲ Asia Center Han Golf Masters Pro Shop ဖုန်း ၀၂-၆၄၅၈၃၊ ၀၉-၂၀-၁၇၆၃၉ နှင့် ၀၉-၆၈-၀၄၀၁၅တို့သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲကို System 36 စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများအား အမှတ်တရ လက်ဆောင်ပစ္စည်းများဖြင့် ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည် ဖြစ်သည်။

တာဝန်ယူဆောင်ရွက်

အဆိုပါ ပွဲစဉ်ကို Han Golf Masters Pte., Ltd. က အဓိကပံ့ပိုးပေးပြီး Srixon,Cleveland, Cross Creek, XXIO,OGAWA, Royal Modern Furniture,Pahtama Group Ltd.(မန္တလေး),Mr Big (မန္တလေး), C Care, GP Watch (မန္တလေး), Lucky Drinking Water (မန္တလေး), Dagon Brewery, IBTC, Nivea, Life Line နှင့် Hotel Mandalay တို့က Co.Sponsor များအဖြစ် ပါဝင်ကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးရွှေအောင်ရွှေးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ပဲခူးမြို့ ရွှေအောင်ရွှေးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၉ရက် (တပို့တွဲလပြည့်နေ့) တွင် ကျင်းပမည် ဖြစ်သည်။

နံနက် အရုဏ်ဆွမ်း၊ သစ်သီးဆွမ်း ဆက်ကပ်ခြင်း၊ ညနေ ၃ နာရီတွင် သံဃာတော်အပါး ၁၅၀၊ သီလရှင်အပါး ၁၀၀ တို့အား ဆွမ်းဆန်ငါးပြည်စီ လောင်းလှူခြင်းနှင့် ညနေ ၆ နာရီတွင် ဆီမီး၊ ပန်းနှင့် အမွှေးတိုင်း ၁၀၀၀စီ ဆက်ကပ်ပူဇော်ခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိုင်းမော်မြို့၌ မြို့ပတ်လမ်း ကတ္တရာခင်း

ဝိုင်းမော် ဇန်နဝါရီ ၃၁

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဖြစ်သော ဒူဝါ-ဇော်လွန်းလမ်းခင်းခြင်းကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လပွတ္တာမြို့နယ် ကျောက်မှော် ကျေးရွာအုပ်စု တောင်သူ ဦးမောင်ငွေး၏ မြို့ဝင်စံပြကွက်တွင် ဇန်နဝါရီ ၈ရက်က နေကြာသီးနှံ စုပေါင်း မြေဩဇာ ရေလောင်းပွဲ ပြုလုပ်ရာ ခရိုင် စိုက်ပျိုးရေး မန်နေဂျာ ဦးစိုးမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ တောင်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှ ဒုရဲအုပ် အောင်ဇင်မျိုးမင်းနှင့်အဖွဲ့သည် ဇန်နဝါရီ၂၉ရက် နံနက်၉နာရီမှ ၁၀နာရီအထိ မင်္ဂလာဒုံမြို့နယ် လေဆိပ်ဝင်းအတွင်း တက္ကဆီယာဉ်မောင်း ၂၀အားလည်းကောင်း၊ ယာဉ်မှုစစ်ဌာနစုမှ ဒုရဲအုပ်ကျော်မင်းလွင်နှင့် အဖွဲ့သည် ဇန်နဝါရီ၃ရက် မွန်းလွဲ၂နာရီခွဲမှ ၃နာရီခွဲအထိ သဃ်န်းကျွန်းမြို့နယ် ရန်မျိုးအောင်ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ပြည်သူ ၉၅ ဦးအားလည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဓာတုဗေဒ

မင်္ဂလာပါတပည့်တို့-

(၂၀၀၈-၂၀၀၉) တက္ကသိုလ်ဝင် သင်ရိုးသစ် GRADE - 11 ဓာတုဗေဒဘာသာရပ်နှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ရှင်းပြပါမည်။

အခုအခါမှာသိရှိထားတဲ့ ဒြပ်ပေါင်းကသုံးသန်းကျော်ရှိတယ်။ ဒီလောက်များတဲ့ဒြပ်ပေါင်းတွေရဲ့ဂုဏ်သတ္တိနဲ့ဓာတ်ပြုခြင်းတွေကို ဘယ်လိုကျက်မှတ်မလဲ။ အဖြေရှိပါတယ်။ ဒါကတော့ သိပ္ပံပညာရှင်တွေဟာ သဘာဝမှာတွေ့တဲ့ အချက်အလက်များစွာကို စနစ်တကျရှုကြည့်လေ့လာကြတယ် (Observation)၊ တိုင်းတာကြတယ်(Measurement)၊ အမျိုးအစားသတ်မှတ်ကြတယ်(Classification)။ ဒီလိုနဲ့ရရှိခဲ့ကြတဲ့ ရလဒ်တွေကနေ ဖြစ်ရပ်တွေလိုက်နာတဲ့ Scientific Laws တွေကိုဖော်ထုတ်ခဲ့ကြတယ်။ ဒီ Scientific Laws တွေဟာသဘာဝဖြစ်ရပ်တွေရဲ့ယေဘုယျဖြစ်ရပ် (generalization) တွေကိုဖော်ပြနိုင်တယ်၊ ဒီ Scientific Laws တွေကိုအသုံးပြုပြီးဖြစ်ရပ်တွေကိုလည်း ကြိုတင်ခန့်မှန်းတွက်ချက်ခြင်း (prediction) ကို ပြုလုပ်နိုင်တယ် (ဥပမာ Periodic Law, Gas Laws, Faraday's Laws of Electrolysis)။ဒီ Scientific Laws တွေအရ ဘာကြောင့်ဖြစ်တယ်ဆိုတာ(Why)ကိုရှင်းလင်းပြနိုင်ဖို့ Theory, Hypothesis, Model တွေကို တီထွင်ကြံဆခဲ့ကြတယ် (ဥပမာ Atomic models, Avogadro's Theory, The Ionic Theory)။ဒါကြောင့် တစ်ဖက်က Scientific Laws တွေက ဖြစ်ရပ်တွေကို ကြိုတင်ခန့်မှန်းပေးနိုင်ပြီး၊ တစ်ဖက်က Theory, Hypothesis, Model တွေက ဒီဖြစ်ရပ်တွေ ဘာကြောင့်(Why) ဖြစ်တယ်ဆိုတာကို ရှင်းလင်းပြသနိုင်တယ်။ ဒါကြောင့် Laws, Hypotheses, Theories တွေကိုသဘောပေါက်ပြီး concept မိအောင်လုပ်ကြရမှာဖြစ်တယ်။ တစ်ခုသတိပြုဖို့က အခြေခံကျတဲ့ ဘာသာရပ်ဝေါဟာရ (Terms) နဲ့ အဓိပ္ပာယ်သတ်မှတ်ချက် (definition) တွေကိုတော့သိရှိထားရမှာ၊ သဘောပေါက်ထားရမှာဖြစ်တယ်။ ဒီလိုဆိုရင် အဆက်အစပ်မရှိတဲ့ မြောက်မြားစွာသောအချက်အလက်တွေကို အဆက်အစပ်ရှိရှိ အဓိပ္ပာယ်ရှိရှိ လေ့လာကျက်မှတ်နိုင်ကြမှာဖြစ်တယ်။

ဓာတုဗေဒသင်ရိုးသစ်မှာ Chapter (1) to Chapter (15) အထိပါရှိတယ်။ Chapter (1) ကတော့ The electronic structure of atoms, periodic table and chemical bonds အခန်းပဲ ဖြစ်တယ်။ ဒီအခန်းမှာ Atom ထက်သေးငယ်တဲ့အမှုန်များဖြစ်တဲ့ proton, neutron နဲ့ electron တွေ အကြောင်းကို လေ့လာရမှာဖြစ်ပြီး Atom တွေရဲ့ electron တည်ဆောက်ပုံကိုအသေးစိတ် လေ့လာရပါမယ်။ ဒါ့အပြင်ဒြပ်စင်များရဲ့အလှည့်မှန်ဇယား The Periodic Table of the Elements ကိုထပ်မံသင်ယူရပါမယ်။ ထိုမှတစ်ဖန် ဒြပ်စင်များ (Elements)ကိုလျှပ်စစ်ဓာတ်ဖို ဒြပ်စင် (Electropositive elements)နဲ့ လျှပ်စစ်ဓာတ်မဒြပ်စင် (Electronegative elements)များ အကြောင်းကိုသိရှိရမှာဖြစ်တယ်။ Atom အရွယ်အစား၊ Atom များ၏ Ionization energy နဲ့ Electron affinity အကြောင်းတွေအပြင် ဓာတ်စည်းများဖြစ်တဲ့ လျှပ်စစ်စည်း (Ionic bond)၊ ဖက်စပ်စည်း (Covalent bond)၊ ပေးမျှစည်း (Coordinate bond) နဲ့ သတ္တုစည်း (Metallic bond) တွေအကြောင်း စိတ်ဝင်စားဖွယ်လေ့လာရမှာဖြစ်တယ်။ဒီအခန်းမှာ ၂၀၀၃ ခုနှစ်အထိ တွေ့ရှိထားတဲ့ ဒြပ်စင်အသစ်(၁၄)ခုနှင့် Periodic Table ကိုဖြည့်စွက်ထားတယ်။ ဒါကြောင့် ဒြပ်စင်ပေါင်း (၁၁၈) ပြည့်သွားပြီဖြစ်တယ်။ Questions and Problems Section တွင် ဉာဏ်စမ်းမေးခွန်းများကိုလည်း လိုအပ်သလို ဖြည့်စွက်ထားတယ်။

Chapter (2) ဖြစ်တဲ့ The Gaseous State and the Gas Laws အခန်းမှာ ဓာတ်ငွေ့အခြေတွင် ထုထည်(Volume)၊ ဖိအား(Pressure) နဲ့ အပူချိန်(Temperature)တို့ တစ်ခုနဲ့တစ်ခု ဆက်သွယ်ပုံဓာတ်ငွေ့များနဲ့ပတ်သက်တဲ့ Boyle's Law, Charles' Law, Dalton's Law of partial pressure, Avogradro's Theory, Gay-Lussac's Law of Combining volumes of gases, Graham's Law of gaseous diffusion တွေအကြောင်းအပြင် ယင်းတို့နဲ့ဆက်နွယ်တဲ့ပုစ္ဆာတွေကို တွက်ချက်ရမှာ ဖြစ်တယ်။ Questions and Problems Section တွင် ဉာဏ်စမ်းမေးခွန်းများကိုလည်း လိုအပ်သလို ဖြည့်စွက်ထားတယ်။

Chapter (3) Stoichiometry အခန်းမှာ ဓာတုဗေဒညီမျှခြင်းတွေ၊ ဓာတ်ပြုခြင်းတွေကို ဓာတုသင်္ချာအနေဖြင့် ဖြေရှင်းလေ့လာရမှာဖြစ်တယ်။ Questions and Problems Section တွင် မေးခွန်းအသစ်များကိုလည်း လိုအပ်သလိုဖြည့်စွက်ထားတယ်။

Chapter (4) Electrolysis လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းအခန်းမှာ Conductors, Electrolyte and Electrical Conductivity အကြောင်း၊ The ionic theory နှင့် Electrolysis of salt solutions အကြောင်းအပြင် Fraday's law of electrolysis နဲ့သက်ဆိုင်တဲ့ပုစ္ဆာများကို လေ့လာဖြေရှင်းရမှာ ဖြစ်တယ်။ Questions and Problems Section တွင် ဉာဏ်စမ်းမေးခွန်းများကိုလည်းလိုအပ်သလိုဖြည့်စွက်ထားတယ်။

Chapter (5) ကတော့ Oxidation and Reduction အခန်းဖြစ်တယ်။ ဒီအခန်းမှာ ဓာတ်တိုးခြင်းနှင့် ဓာတ်လျော့ခြင်း၊ ဓာတ်ပြုခြင်းတွေကိုလေ့လာရမယ်။ ဓာတ်တိုးပစ္စည်း Oxidizing agent၊ ဓာတ်လျော့ပစ္စည်း Reducing agent အကြောင်းအရာတွေ၊ ဓာတ်တိုးခြင်း၊ ဓာတ်လျော့ခြင်း ညီမျှခြင်းများညှိခြင်း (Balancing Oxidation – Reduction Equation)ကို စနစ်တကျ လေ့လာကြမယ်၊ လေ့ကျင့်ကြရမယ်၊ Ion-electron (half-reaction)method နဲ့ ညီမျှခြင်းများ ညှိနည်းကိုပါ အသေးစိတ်လေ့လာကြရပါမယ်။ Questions and Problems Section တွင် ဉာဏ်စမ်းမေးခွန်းများကိုလည်း လိုအပ်သလို ဖြည့်စွက်ထားတယ်။

Chapter (6) Rates of reactions and equilibria အခန်းမှာဓာတ်ပြုခြင်းနဲ့ ဓာတ်ပြုနှုန်း ဓာတ်ပြုညီမျှခြေများကို ဥပမာများဖြင့်လေ့လာပြီး သင်ယူရမှာဖြစ်တယ်။ အထူးသဖြင့် လီချာတလီယား နိယာမ (LeChatelier's Principle) ကိုသုံးပြီး ဓာတ်ပြုညီမျှခြေများကိုလေ့လာမှာဖြစ်တယ်။ ဒီအခန်းမှာ Questions and Problems Section တွင် ဉာဏ်စမ်းမေးခွန်းများကို လိုအပ်သလို ဖြည့်စွက်ထားတယ်။

Chapter (7) Energy changes in chemical reaction အခန်းမှာတော့ စွမ်းအင်အမျိုးမျိုး ဖြစ်တဲ့ အရွေ့စွမ်းအင် (Kinetic energy)၊ အတည်စွမ်းအင် (Potential energy)၊ အပူစွမ်းအင် (Thermal energy)၊ ဓာတုစွမ်းအင် (Chemical energy) နဲ့ လျှပ်စစ်စွမ်းအင် (Electrical energy) မော်တာမှထုတ်ယူရရှိတဲ့ စက်မှုစွမ်းအင် (Mechanical energy) အကြောင်းအရာတွေကို ဆက်စပ်လေ့လာရမှာဖြစ်တယ်။ အထူးသဖြင့် ဒီအခန်းမှာဓာတ်ပြုခြင်း၌ဖြစ်ပေါ်သော အပူထွက်ဓာတ်ပြုခြင်း (Exothermic reaction)၊ အပူစုပ်ဓာတ်ပြုခြင်း (Endothermic reaction) တွေကို သင်ယူရပါမယ်။ ဒါ့အပြင် ဓာတ်ပြုခြင်းလောင်ကျွမ်းအပူ (Heat of combustion)၊ ဒြပ်ပေါင်းဖြစ်အပူ (Heat of formation)၊ ဓာတ်ပြယ်ခြင်းအပူ (Heat of neutralization) အကြောင်းအရာတွေနဲ့ဆက်စပ်ပြီး Hess's law of constant heat summation ပုစ္ဆာတွေကို တွက်ထုတ်ပြီးလေ့လာရမှာဖြစ်လို့ စိတ်ဝင်စားဖွယ်ကောင်းပါတယ်။ ဒီအခန်းမှာလည်း Questions and Problems Section တွင် ဉာဏ်စမ်းမေးခွန်းများ၊ ပုစ္ဆာအသစ်များပါ လိုအပ်သလို ဖြည့်စွက်ထားတယ်။

Chapter (8) Some important metals and their compounds အခန်းမှာအရေးကြီးတဲ့သတ္တုများဖြစ်တဲ့ ဆိုဒီယမ် (Sodium)၊ မဂ္ဂနီဆီယမ် (Magnesium)၊ ကယ်လ်ဆီယမ် (Calcium)၊ အလူမီနီယမ် (Aluminium)၊ ခဲ (Lead)အစရှိသော သတ္တုများထုတ်ဖော်နည်းနဲ့ ဓာတ်ပြုခြင်းများကို လေ့လာသင်ယူရပါမယ်။ဒီအခန်းမှာလည်း Questions and Problems Section တွင် မေးခွန်းအသစ်များကို လိုအပ်သလို ဖြည့်စွက်ထားတယ်။

Chapter (9) မှာ Metal Reactivity အခန်းသစ်ဖြစ်ပြီး စက်မှုလုပ်ငန်းမှာ အရေးကြီးသော သတ္တုများဖြစ်တဲ့ သံ (Iron)၊ ကြေးနီ (Copper)၊ ငွေ (Silver)၊ သွပ် (Zinc) တို့ရဲ့ထုတ်ယူနည်းများ၊ သတ္တုဒြပ်ပေါင်းများရဲ့ ထုတ်ဖော်နည်း ဓာတ်ပြုခြင်းများ၊ ဓာတ်ဂုဏ်သတ္တိများနဲ့ အသုံးပြုနည်းများကိုပါ လေ့လာတဲ့အခါမှာ Reactivity Series of Metals ကို အခြေခံ၍ သတ္တုများထုတ်ဖော်ပုံကို ရှင်းပြထားတယ်။ Recycling of Metals , Rusting of iron and Alloys တို့ကိုအသေးစိတ်ရှင်းပြထားတယ်။ Questions and Problems Section တွင် ဉာဏ်စမ်းမေးခွန်းများကိုလည်း လိုအပ်သလို ဖြည့်စွက်ထားတယ်။

Chapter (10) အခန်းမှာ Nitrogen ဓာတ်ငွေ့ထုတ်ဖော်ပုံ၊ ဂုဏ်သတ္တိများနဲ့အသုံးပြုပုံများကို သင်ယူရပါမယ်။ ဒါ့အပြင် Nitrogen ရဲ့အရေးကြီးတဲ့ Compounds များဖြစ်တဲ့ Ammonia (NH_3), Nitrogen oxide (NO), Dinitrogen oxide (N_2O), Nitrogen dioxide (NO_2), Nitric acid (HNO_3) စသည်တို့ကိုကျယ်ကျယ်ပြန့်ပြန့်လေ့လာရပါမယ်။ ဒီအခန်းမှာလည်း Questions and Problems Section တွင် ဉာဏ်စမ်းမေးခွန်းများကိုလည်း လိုအပ်သလိုဖြည့်စွက်ထားတယ်။

Chapter (11) Sulphur and its compounds အခန်းမှာ ကန့် Sulphur ကို မည်သို့ထုတ်ဖော်ပုံ အသွင်ကွဲများ တည်ဆောက်ပုံနှင့် ရုပ်နှင့်ဓာတ်ဂုဏ်သတ္တိများကို အသေးစိတ်လေ့လာရမှာ ဖြစ်တယ်။ ဒါ့အပြင် Sulphur ရဲ့အရေးကြီးတဲ့ Compounds များဖြစ်တဲ့ Hydrogen sulphide (H_2S), Sulphur dioxide (SO_2), Sulphur trioxide (SO_3), Sulphuric acid (H_2SO_4) စသည်တို့ရဲ့ထုတ်ဖော်ပုံ ဂုဏ်သတ္တိများ ဓာတ်ပြုခြင်းများကို လေ့လာရမှာ ဖြစ်တယ်။ ဒီအခန်းမှာလည်း Questions and Problems Sectionတွင် မေးခွန်းအသစ်များကိုလည်း လိုအပ်သလို ဖြည့်စွက်ထားတယ်။

Chapter (12) The Halogens အခန်းမှာ ဟေလိုဂျင်များဖြစ်တဲ့ Chlorine (Cl_2), Bromine (Br_2), Iodine (I_2) တို့ရဲ့ထုတ်ဖော်ပုံ ဂုဏ်သတ္တိများကို စနစ်တကျသင်ယူရပါမယ်။

Chapter (13) Acids, Bases and their neutralization အခန်းမှာ အက်စစ်များ၊ ဗေ့စ်များရဲ့ Theory များ၊ The hydrogen ion exponent (pH) အက်စစ်ပြင်းအား (Strength of acids) အက်စစ်နှင့်ဗေ့စ်ဓာတ်ပြုခြင်းများ (Neutralization of acids and bases) ဆားများရေသွင်းဖြိုခွဲခြင်း (Hydrolysis of salts) ကြားခံဖြေ ဖျော်ရည် (Buffer solution) အညွှန်းပစ္စည်းများ (Indicators) ထုထည်တိုင်းဓာတ်ခွဲခြင်း (Titration or volumetric analysis) တို့ရဲ့သဘောတရားနဲ့ လက်တွေ့လုပ်ငန်းတွင် အသုံးပြုပုံများကို ဥပမာများဖြင့် လေ့လာတွက်ချက်ပြီး အဖြေရှာရမှာဖြစ်တယ်။ ဒီအခန်းမှာလည်း Questions and Problems Section တွင်မေးခွန်းအသစ်များကိုလည်း လိုအပ်သလို ဖြည့်စွက်ထားတယ်။

Chapter (14) Organic chemistry အခန်းမှာ Carbon compounds များဖြစ်တဲ့ Alkane (ပြည့်ဝ ဟိုက်ဒရိုကာဗွန်) သို့မဟုတ် တစ်ထပ်စည်းပါဟိုက်ဒရိုကာဗွန် မပြည့်ဝဟိုက်ဒရိုကာဗွန်ဖြစ်တဲ့ alkene သို့မဟုတ် နှစ်ထပ်စည်းပါ ဟိုက်ဒရိုကာဗွန်၊ alkyne သို့မဟုတ် သုံးထပ်စည်းပါဟိုက်ဒရိုကာဗွန်တို့ရဲ့ထုတ်ဖော်ပုံ ဓာတ်ပြုခြင်းများ၊ ဒြပ်ပေါင်းများရဲ့ Graphic formula, Electron dot-cross formula အမည်ပေးစနစ် (Nomenclature)တို့ကိုပါ အသေးစိတ် လေ့လာရပါမယ်။ ဒါ့အပြင်ဆေးဝါးနဲ့စက်မှုလုပ်ငန်းမှာ အသုံးဝင်တဲ့ အက်သနော (Ethanol)ရဲ့ ထုတ်ဖော်ပုံအမျိုးမျိုးနဲ့ ဓာတ်ပြုညီမျှခြင်းများကို လေ့လာရပါမယ်။

ဒီအခန်းတွင် Petroleum Industry and Petrochemicals , Alternative Transport Fuels (Biodiesel, LPG , CNG and Biogas) အစရှိသော အကြောင်းအရာသစ်များကို ဖြည့်စွက်ထားတယ်။ ဒီအခန်းတွင် Questions and Problems Section ၌ ဉာဏ်စမ်းမေးခွန်းများကိုလည်း လိုအပ်သလို ဖြည့်စွက်ထားတယ်။

Chapter (15) Chemistry in Society အခန်းမှာ ခေတ်မီ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ အရေးပါတဲ့ဓာတ်မြေဩဇာ (Chemical fertilizers) အကြောင်းတင်ပြထားပါတယ်။ အကြောင်းကတော့ စပါး အပါအဝင် ကောက်ပဲသီးနှံစိုက်ပျိုးတဲ့အခါမှာ အပင်များရဲ့အာဟာရဓာတ်ဖြစ်တဲ့ Nitrogen (N), Phosphorus (P), Potassium (K) တို့ကို ဓာတ်မြေဩဇာက မြေမှတစ်ဆင့် ဖြန့်ဝေပေးပါတယ်။ မြေမှတစ်ဆင့်စပါး၊ ကောက်ပဲသီးနှံများ အာဟာရဓာတ်ရတဲ့အခါ အပင်ကြီးထွားမှု၊ အသီးနှင့်အစေ့ကြီးထွားသဖြင့် စပါးအထွက်တိုးခြင်း စသည်တို့ကို အကျိုးခံစားရပါတယ်။ ဒီအခန်းမှာ Nitrogen fertilizer ဖြစ်တဲ့ Urea, Ammonium Suphate, Ammonium nitrate ထုတ်ဖော် အသုံးပြုပုံများ၊ Phosphate fertilizer ဖြစ်တဲ့

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

Superphosphate , potassium fertilizer ဖြစ်တဲ့ potassium chloride, potassium sulphate ထုတ်ဖော်အသုံးပြုပုံများကို ရှင်းပြထားပါတယ်။

ဒါ့အပြင် ဆောက်လုပ်ရေးတွင် အရေးကြီးတဲ့ ဘိလပ်မြေ (cement) ထုတ်ဖော်နည်းနှင့် ဓာတုဗေဒ အခြေခံသဘောတရားတွေကို လေ့လာရပါမယ်။ ပင်လယ်ရေမှအသုံးဝင်လှတဲ့ အိမ်သုံးဆား (sodium chloride) ထုတ်ဖော်နည်းများကိုလည်း စိတ်ဝင်စားဖွယ် လေ့လာရမှာ ဖြစ်တယ်။

ဒီအခန်းတွင် Plastic and Polymers, Recycling and Disposal of Plastic Waste, Soap and Detergents စသော အကြောင်းအရာသစ်များကို ဖြည့်စွက်ထားတယ်။ သို့ဖြစ်၍ ဒီအခန်းတွင် Questions and Problems Section တွင် ဉာဏ်စမ်းမေးခွန်းများကိုလည်း လိုအပ်သလို ဖြည့်စွက်ထားတယ်။

ယခုနှစ် တက္ကသိုလ်ဝင် ဓာတုဗေဒဘာသာ သင်ရိုးသစ်မေးခွန်းလွှာမှာ အမှတ်(၁၀၀)ဖိုးဖြစ်တယ်။ မေးခွန်းလွှာမှာ အပိုင်းနှစ်ပိုင်းပါတယ်။ Section (A) နှင့် Section (B) ဖြစ်တယ်။ Section (A) မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းများ (objective type questions) များဖြစ်ပြီး အမှတ်(၃၆)မှတ်ဖိုး ဖြစ်တယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းငါးမျိုးကိုမေးထားတယ်။ ယင်းငါးမျိုးကတော့-

(၁) မှန်/မှား ရွေးချယ်မေးခွန်း။ (True or False question type) အတွက် အမှတ်(၇)မှတ်။
(၂) ကွက်လပ်ဖြည့်စွက်ခြင်း။ (Fill in the blank question type) အတွက် အမှတ်(၇)မှတ်။
(၃) အမှန်ဆုံးကိုရွေးချယ်ခြင်း။(Multiple choice question type) အတွက် အမှတ်(၇)မှတ်။
(၄) တူညီသောအကြောင်းအရာကိုပူးတွဲစီရီပေးခြင်း။ (Matching type question type) အတွက် အမှတ်(၇)မှတ်။
(၅) မေးခွန်းတိုမေးခြင်း။ (Short question type) အတွက် အမှတ်(၈)မှတ်။
စုစုပေါင်း (၃၆)မှတ်ဖြစ်တယ်။

Section (B) မေးခွန်းမှာ နံပါတ် (၆)၊ (၇)နှင့်(၈)ပါပြီး စုစုပေါင်း (၆၄)မှတ်ဖိုးဖြစ်တယ်။ အမှတ်ခွဲဝေပုံမှာ မေးခွန်းနံပါတ် (၆)အတွက် (၂)မှတ်တန် ၆-ပုဒ်ဖြေရပြီး (၁၂)မှတ်၊ မေးခွန်း နံပါတ်(၇)မှာ မေးခွန်း ၅-ပုဒ် ဖြေရပြီး (၄)မှတ်တန်မေးခွန်းမို့ အမှတ်(၂၀)၊ မေးခွန်းနံပါတ် (၈)မှာ မေးခွန်း ၄-ပုဒ်ဖြေရပြီး၊ တစ်ပုဒ် (၈)မှတ်တန် မေးခွန်းဖြစ်သဖြင့် (၃၂)မှတ်ဖြစ်တယ်။

မေးခွန်းနံပါတ်(၆)တွင် ရွေးချယ်စရာမပေးဘဲ ပုဒ်ရေ (၆)ပုဒ်ဖြစ်၍ (၁၂)မှတ်၊ မေးခွန်းနံပါတ် (၇)တွင် ပုဒ်ရေ ၈-ပုဒ်မှ ၅-ပုဒ်ရွေးချယ်ဖြေဆိုရ၍အမှတ်(၂၀)၊ မေးခွန်း(၈)တွင် ၈-ပုဒ်မှ ၄-ပုဒ်ရွေးချယ်ဖြေဆိုရ၍ (၃၂)မှတ်၊ ထို့ကြောင့် မေးခွန်း(၆)တွင် (၁၂)မှတ်၊ မေးခွန်း(၇)တွင် အမှတ်(၂၀)နှင့် မေးခွန်း (၈)တွင် (၃၂)မှတ်ပေးတာမို့ Section (B) အတွက် စုစုပေါင်း (၆၄)မှတ် ဖြစ်တယ်။

သို့ဖြစ်သောကြောင့် ဓာတုဗေဒသင်ရိုးသစ်မှာ အခန်း(၁၅)ခန်းပါတာမို့ Section (A) နဲ့ Section(B) မေးခွန်းပိုင်းမှာ မျှမျှတတပါမှာဖြစ်တယ်။ အခြေခံသဘောတရားကိုသာပိုင်ရင် မေးခွန်းတွေကို ရွေးချယ်ဖြေဆိုတဲ့နေရာမှာ မှန်မှန်ကန်ကန် ရွေးချယ်တတ်တာမို့ အမှတ်များများရမှာ ဖြစ်တယ်။

အထူးသဖြင့် ပွဲမဝင်ခင်အပြင်ကကျင်းပ ဆိုတဲ့အတိုင်း စနစ်တကျလေ့လာ လေ့ကျင့်ထားရင် စာမေးပွဲကြီးမှာ ကောင်းမွန်စွာ ဖြေဆိုနိုင်မှာဖြစ်တယ်။ အမှတ်များများလည်းရမှာ ဖြစ်တယ်။

တပည့်တို့အားလုံး ယခုနှစ်မှာ ဖြေဆိုရမယ့် ဓာတုဗေဒသင်ရိုးသစ်မေးခွန်းလွှာကို အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ။

အမည်ပြောင်း

အဖ ဦးဆန်းလွင်ဦး၏ သမီး အထက(၂)ဒဂုံ ဒုတိယတန်း(B)မှ မခိုင်သန္တာကျော်အား မခိုင်သန္တာလင်းဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်သန္တာလင်း။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၃၊ မြေကွက် အမှတ် ၂၄/၂၊ မြေကွက်တည်နေရာ အမှတ် ၂၄/၂၊ ခွာညိုလမ်း၊ ၁၄/ ၃ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်ခင်စန်းမြင့်၊ ဦးညွန့်တင် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စန်းမြင့် ကွယ်လွန်သဖြင့် ဦးညွန့်တင် ၁၂/ဥကတ(နိုင်) ၁၀၇၁၇၄ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ (၁) အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ (၂) အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၀၊ မြေကွက်အမှတ် ၂၃၇၊မြေကွက်တည်နေရာ အမှတ်၃၉၊ ဟံသာဝတီလမ်း၊(၅)ရပ်ကွက်၊ကမာရွတ်မြို့နယ်၊ ဦးယုံစိန်အမည်ပေါက် နှစ်၆၀ မြေငှား ဂရန်မြေအား အမည်ပေါက် ဖခင်ဦးယုံစိန်သည် ၁၁-၆-၉၅ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်ကျင်မြိုင်သည် ၂၀-၁၂-၉၇ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဦးကျင်အေး ၁၂/ကမရ(နိုင်) ၀၄၂၀၅၂၊ ဦးမြင့်စိုး ၁၂/ကမရ(နိုင်)၀၁၀၀၉၁၊ ဦးအေးကို ၁၂/ကမရ(နိုင်)၀၁၈၇၀၂၊ ဦးကျော်မြင့် ၁၂/ကမတ(နိုင်) ၀၅၁၅၄၉၊ ဦးမြအေး ၁၂/ကမရ(နိုင်) ၀၁၀၀၅၃ တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၃၅CG၊ မြေကွက်အမှတ် ၂၇၃၊ မြေကွက်တည်နေရာ အမှတ် ၁၃၁၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ် ဦးတင်ဝင်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဖခင် ဦးတင်ဝင်းနှင့်မိခင်ဒေါ်ခင်ရွှေ ကွယ်လွန်သဖြင့် ၁။ ဒေါ်သန်းသန်းနွယ် ၁၂/ဗဟန(နိုင်)၀၅၂၇၈၇၊ ၂။ ဒေါ်သိန်းသိန်းငွေ ၁၂/ဗဟန(နိုင်)၀၅၃၄၄၁၊ ၃။ဒေါ်ညွန့်ညွန့်ဝင်း ၁၂/ဗဟန(နိုင်) ၀၅၃၆၂၃၊၄။ ဒေါ်စုစု ၁၂/ဗဟန(နိုင်) ၀၅၃၆၁၁၊ ၅။ ဒေါ်နုနုဝင်း ၁၂/ဗဟန (နိုင်)၀၅၃၅၁၀၊ ၆။ ဒေါ်မိုးသူဝင်း ၁၂/ဗဟန(နိုင်)၀၅၂၇၉၀တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၃၅၊ မြေကွက်အမှတ်- ၇၀၅၊ မြေကွက်တည်နေရာ အမှတ်- ၇၀၅၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးအောင်ပြည့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ပြည့် ကွယ်လွန်သဖြင့် ဒေါ်ခင်အေး ၁၂/မရက(နိုင်)၀၈၄၆၂၇က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၁၇ I)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၆-D)၊ မြေကွက်အမှတ်(၂၆D/၁ဒသမ၂)၊ မြေဧရိယာ ၀ဒသမ၁၂၅ဧကရှိ မြေပိုင်မြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသည့် မြေကွက်၏ ယာဘက်ခြမ်းရှိ မျက်နှာစာ၃၅ပေ၊ အနောက်၃၆ပေ၊ အလျား ၇၅ပေ၊ (၂၇၂၅-စတုရန်းပေခန့်)အကျယ်အဝန်းရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်စန္ဒီလွင် ၁၂/အစန(နိုင်)၁၀၇၃၆၀၊ ဦးခင်မောင်ဌေး ၁၂/အစန(နိုင်)၁၀၇၃၅၈ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းမူရင်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ (LL.B)	**ဒေါ်လှလှခိုင် (LL.B)**
တရားရုံးချုပ်ရှေ့နေ(၄၃၇၃)	**တရားရုံးချုပ်ရှေ့နေ(၅၄၁၀)**

အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁-A)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်း စံပြကျေးရွာ ဈေးပိုင်းရပ်နေ ဦးခင်မောင်- ဒေါ်စိန်ကြည်တို့၏သား ၇/ညလပ(နိုင်) ၀၀၁၂၁၁ ကိုင်ဆောင်သူ မောင်နိုင်လင်းသည် မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် အမွေစား၊ အမွေခံ သားအဖြစ်မှ စွန့်လွှတ်ကြောင်း သိစေအပ်ပါသည်။

ဦးခင်မောင်
၇/ညလပ(နိုင်)၀၄၉၀၇၂
ဒေါ်စိန်ကြည်
၇/ညလပ(နိုင်)၀၄၉၂၇၇။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်

၂၃-၁-၂၀၀၉ ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ (၁) ဒေါ်နန်းသိင်္ဂီကျင် ၁၃/တကန(နိုင်)၁၃၅၂၅၂ (၂) ဦးစိုင်းသော်ဇင်ဖူး ၁၃/တကန(နိုင်)၁၃၅၂၅၃ တို့၏ အများသိစေရန်ကြော်ငြာအား ဖြေရှင်းကြေညာချက်

တောင်ကြီးမြို့ ရေအေးကွင်းရပ် သီရိမင်္ဂလာလမ်း အမှတ်(၂၈/၆)နေ ဦးမျိုးမင်းထွဋ်(ခ) အငယ်လေး၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၃-၁-၂၀၀၉ ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ ဒေါ်နန်းသိင်္ဂီကျင်နှင့် ဦးစိုင်းသော်ဇင်ဖူးတို့၏ အများသိစေရန်ကြော်ငြာအား ပြန်လည်ဖြေရှင်း ကြေညာအပ်ပါသည်။

ဦးမျိုးမင်းထွဋ်(ခ)အငယ်လေးသည် ဒေါ်နန်းသိင်္ဂီကျင်နှင့် မည်သည့်အခါကမျှ ကွာရှင်း၊ပြတ်စဲထားခြင်းမရှိ၍ တရားဝင်လင်မယားအဖြစ် သက်ဆိုင်နေသည့်အပြင် လုံမလေးဆီစက် လုပ်ငန်းပိုင်ရှင်များဖြစ်သော ဒေါ်နန်းသိင်္ဂီကျင်နှင့် ဦးစိုင်းသော်ဇင်ဖူးတို့၏ တာဝန်ပေးချက်အရသာ ဦးမျိုးမင်းထွဋ်(ခ)အငယ်လေးသည် လုံမလေးဆီစက်၏တာဝန်ခံအဖြစ် ဆောင်ရွက်ရခြင်းဖြစ်ပြီး ဆီစက်နှင့်ပတ်သက်သည့် လုပ်ငန်းပိုင်ပစ္စည်းနှင့်ငွေကြေးများအား ဒေါ်နန်းသိင်္ဂီကျင်နှင့် ဦးစိုင်းသော်ဇင်ဖူးတို့ကသာ စီမံခန့်ခွဲဆောင်ရွက်ခဲ့ခြင်းသာဖြစ်၍ ဒေါ်နန်းသိင်္ဂီကျင်နှင့် ဦးစိုင်းသော်ဇင်ဖူးတို့ကသာ တာဝန်ရှိသူများဖြစ်ပါကြောင်း၊ ဦးမျိုးမင်းထွဋ်(ခ)အငယ်လေးတစ်ဦးတည်းက ဖြေရှင်းရန်တာဝန်မရှိပါကြောင်း ဒေါ်နန်းသိင်္ဂီကျင်၊ ဦးစိုင်းသော်ဇင်ဖူးနှင့် အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်းထွန်း (LL.B.,LL.M)
အထက်တန်းရှေ့နေ
အမှတ်(၄/၂၈)၊ ဟသာ်လမ်း၊ နယ်မြေ(၄)၊ ကန်သာရပ်၊ တောင်ကြီးမြို့။

စာအုပ်စာပေ လူ့မိတ်ဆွေ

ဒေသကောလိပ်ရုပ်ရှင်လုပ်ငန်း အာစရိယပူဇော်ပွဲ

ရန်ကုန်မြို့ အမှတ်(၂) ဒေသကောလိပ် ရုပ်ရှင်လုပ်ငန်း အတတ်ပညာ ၁၉၇၈ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၁-၂-၂၀၀၉ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရုပ်ရှင်အစည်းအရုံးခန်းမ (ဝက်ပါလမ်း)၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်-

ဦးအောင်ဇော်ဟိန်း	ဖုန်း - ၂၂၄၉၂၀၊ ၂၂၉၂၂၃
ဒေါ်မြင့်မြင့်ထက်	ဖုန်း - ၂၀၁၈၆၇
ဒေါ်ခင်ညို	ဖုန်း - ၀၉-၈၅-၉၅၅၈၄
ဒေါ်ခင်နီလာ (ဥပဒေ)	ဖုန်း - ၀၉-၅၁-၇၂၂၄၉
ဦးသီဟကျော်စိုး	ဖုန်း - ၀၉-၅၁-၇၆၄၃၂။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ပန်းဘဲတန်းမြို့နယ်အတွင်းရှိ တိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူထားသူက အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ခင်သန်း ၁၂/ဒဂန(နိုင်)၀၁၇၇၆၉	ဦးဇော်မြင့်ဦး ၁၂/ပဘတ(နိုင်)၀၂၆၇၂၃	အမှတ်(၂၅၉/၂၆၃)၊ ငါးလွှာ၊အနော်ရထာလမ်း၊ ပန်းဘဲတန်း၊
၂။	ဦးဘိုးမှန် ၁၂/ဒဂန(နိုင်)၀၂၀၂၇၆	မငုဝါထွန်း(ခ)မမေသက်ထွန်း ၁၂/ပဘတ(နိုင်)၀၂၆၇၂၄	အမှတ်(၂၅၉/၂၆၃)၊ ခုနစ်လွှာ၊ အနော်ရထာလမ်း၊ ပန်းဘဲတန်း။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၃၂၆

ကြည့်မြင်တိုင်ဘဏ်ခွဲ မန်နေဂျာ	**နှင့်**	၁။ ဦးသန်းအောင် ၂။ ဒေါ်အေးစန္ဒီမျိုး
တရားလို		**တရားပြိုင်များ**

အထက်ဖော်ပြပါ (၁) ဦးသန်းအောင်၊ (၂) ဒေါ်အေးစန္ဒီမျိုး [ယခင်အမှတ် ၉၁၇၊ နှောင်ချိုလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)] (ယခုနေရပ်စာမသိ) သူတို့အား သိစေရမည်။

သင့်အပေါ်၌တရားလိုက ကြည့်မြင်တိုင်ဘဏ်ခွဲ မန်နေဂျာက အပေါင်ဒီကရီရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၆ရက် (၁၃၇၀ပြည့်နှစ် တပေါင်းလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ကြည်
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

သတင်းကြေညာချက်

ရန်ကုန်မြို့။ ၁၃၇၀ပြည့်နှစ် ပြာသိုလဆန်း(၆)ရက်
၂၀၀၉ခုနှစ် ဇန်နဝါရီလ ၁ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၀၉ခုနှစ် (၄၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ၂၀၀၉ခုနှစ် မတ်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၀၉ခုနှစ်၊ (၄၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ၂၀၀၉ခုနှစ် (၄၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို **၂၀၀၉ခုနှစ် ဇန်နဝါရီလ ၁ရက်မှ ဖေဖော်ဝါရီလ ၂၀ရက်**အတွင်း စစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲနေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၀၉ခုနှစ် (၄၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်မြို့)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ်-၉၄၊ မြေကွက်တည်နေရာအမှတ်-၉၄၊ ၃၅ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း) ဒေါ်သန်းညွန့် အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်သန်းညွန့်၊ ဖခင် ဦးအောင်မြိုင် ကွယ်လွန်သဖြင့် (၁) ဦးညွန့်အောင် ၁၂/တမန(နိုင်)၀၆၄၂၆၃၊ (၂) ဒေါ်တင်တင်နွယ် ၁၂/တမန(နိုင်)၀၅၈၁၅၅၊ (၃) ဦးအောင်ကျော်ညွန့် ၁၂/တမန (နိုင်)၀၄၇၆၂၉တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ပန်းဘဲတန်းမြို့နယ်၊ ဗဟန်းမြို့နယ်နှင့် လှိုင်မြို့နယ်များအတွင်းရှိ တိုက်ခန်းများအား မူလအမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူက အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ခင်နွဲ့ရီ (BW- ၀၁၃၅၆၆) ဒေါ်နွယ်နီရှိန် ၉/ပမန(နိုင်)၁၁၇၂၆၆	ဒေါ်တင်ရွှေ ၁၂/လမန(နိုင်)၁၂၇၄၅၈ ဒေါ်ခင်ဖြူဖြူဝင်း ၁၂/လမန(နိုင်)၁၂၄၆၂၄	တိုက်(၄)၊ အခန်း(၂၈)၊ လှိုင်ရတနာအိမ်ရာ
၂။	ဦးတင်ထွေး N/RGN-၀၀၁၄၄၉	ဦးတိုးတိုး ၉/မနမ(နိုင်)၁၀၈၄၂၀	တိုက်(၂)၊ အခန်း(၂၀) ရွှေဂုန်ရိပ်မွန်အိမ်ရာ
၃။	ဦးခင်မောင်လတ် ၁၂/မဂတ(နိုင်)၀၁၄၅၈၆ ဒေါ်အရှာဘီဘီ ၁၂/မဂတ(နိုင်)၀၇၁၀၃၃	ဒေါ်သီတာသိန်း ၁၂/ကတတ(နိုင်)၀၁၇၅၆၃	အမှတ်(၁၇၁/၁၈၁)၊ အခန်း(၂၉)၊ ၂၈-လမ်း၊ ပန်းဘဲတန်း။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ရန်ကုန်မြို့သို့ ရောက်ရှိ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့တို့နှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari နှင့်အဖွဲ့သည် ယနေ့နံနက် ၉နာရီ ၂၅မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

တွေ့ဆုံ

ထို့နောက် Mr. Gambari သည် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ငါးထပ်ဆောင်ဧည့်ရိပ်သာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်လည်းကောင်း၊ ညနေ ၃နာရီ ၅၅မိနစ်တွင် Chatrium Hotel ၌ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့နှင့်လည်းကောင်း တွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက Mr. Gambari အား မြရိပ်ညိုရှိုင်ရယ် ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် **Mr. Ibrahim Agboola Gambari** နှင့်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နေ့စဉ် မျက်စိကို လေ့ကျင့်ပေးပါလျှင် အသက်အရွယ်ကြီးရင့်ချိန်၌ မျက်စိဝေဒနာ ကာကွယ်နိုင်

စာကြည့်နေစဉ် သို့မဟုတ် အလုပ်လုပ်ကိုင်နေစဉ်တွင် မျက်လုံးကို ခေတ္တပိတ်ထားကာ အနားပေးသော အလေ့အကျင့်သည် မျက်စိကျန်းမာရေးကို အထောက်အကူပြုစေကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ကြည်လင်ပြတ်သား

အလုပ်လုပ်နေစဉ်အချိန်၌ မျက်စိကိုမှိတ်ကာ ငါးမိနစ်ခန့် အနားပေးသည့်အလေ့အကျင့်ကို တစ်နေ့လျှင် ခြောက်ကြိမ်ခန့် ပြုလုပ်ပေးပါက မျက်စိကျန်းမာရေးကို ကောင်းမွန်စေပြီး အမြင်ဓာတ် အမြဲတမ်း ကြည်လင်ပြတ်သားစေနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၄ ■

ဗိသနိုးမြို့ဟောင်း တူးဖော်သုတေသနပြုရာမှ ထူးခြားဆန်းပြားသော အရိုးအိုးကြီး

ထူးခြားသော အဆောက်အအုံပန္နက်ပုံသဏ္ဌာန်နှင့် ပျူခေတ်လူ့အသုံးအဆောင်ပစ္စည်းများ တူးဖော်တွေ့ရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် **"နိုင်ငံဂုဏ်ပြုယဉ်ကျေးမှု"** ဟူသည့် ဝန်ကြီးဌာန၏ဆောင်ပုဒ်နှင့်အညီ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ပျူယဉ်ကျေးမှု အထောက်အထားသစ်များ ထပ်မံဖော်ထုတ်ရရှိရန် အတွက် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် သမိုင်းသုတေသနဦးစီးဌာနမှ အဖွဲ့ဝင်နှစ်ဦး ပူးပေါင်းပါဝင်လျက် ဗိသနိုးမြို့ဟောင်းရှိ ရှေးဟောင်းအုတ်ကုန်း သုံးကုန်းကို အောက်တိုဘာ ၁ရက်မှ နိုဝင်ဘာ ၁၄ရက်အထိ ထပ်မံတူးဖော် သုတေသနပြုခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၃* ✻

Calsome Challenge Fight II မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။ (မြန်မာ့အလင်း)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

တွေ့မရှောင်နှင့် ရန်ကြီးအောင်တို့ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

တွေ့မရှောင်က ဘယ်တံတောင်ဆင့်ရိုက်၊ ညာခြေသိမ်းကန်၍ ပဉ္စမအချီတွင် ရန်ကြီးအောင်ကို အလဲထိုးပွဲသိမ်း

➢ သတင်းမြင်ကွင်း - ဇင်လင်းထွန်း(နေပြူ) ➢ ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် ➢ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ (MDG Co., Ltd.) ၏ အဓိကကူညီပံ့ပိုးမှုဖြင့် T&T Group မှတာဝန်ယူစီစဉ်သည့် Calsome Challenge Fight II မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ယနေ့ မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ပွဲစဉ်ပေါင်း ၁၀ ပွဲဖြင့် ကျင်းပခဲ့ရာ *စာမျက်နှာ ၉ ကော်လံ ၁* ●

တွေ့မရှောင် (KLN) နှင့် ရန်ကြီးအောင် (မြို့တော်စည်ပင်)တို့ ဤသို့ ဘတစ်ပြန် ကျားတစ်ပြန် ထိုးသတ်ခဲ့သော်လည်း....။ (မြန်မာ့အလင်း)